ခန္တီစ ဇတာံ မင်္ဂလ မုတ္တမံ၊ သည်းခံခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်၊ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာ ၅ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၅၁)၊ အမှတ်(၁၃၈)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် မဟာပါသာဏလိုဏ်ဂူတော်ကြီး အဆင့်မြင့်ပြုပြင်မှုကြည့်ရှု ပါရမီခုံးကျော်တံတား အပြီးသတ်အချောထည်လုပ်ငန်း ပြီးစီးမှုစစ်ဆေး ကန်တော်ကြီးဥယျာဉ်ကိုအပန်းဖြေရုံသာမက ဗဟုသုတရှာဖွေနိုင်ရေးအဆင့်မြင့်ပြုပြင်

ရန်ကုန် စက်တင်ဘာ ၄

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့တော် ကန်တော်ကြီး သဘာဝဥယျာဉ်ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြား၍ ပါရမီခုံးကျော်တံတားတည်ဆောက်ရေး စီမံကိန်းပြီးစီးမှုနှင့် ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး အဆင့်မြင့်မွမ်းမံမှု လုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူတို့အား မှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

လှပရှုချင်စဖွယ်ဖြစ်အောင်ဖြည့်စွက်စိုက်ပျိုး

❁ ကန်တော်ကြီးသဘာဝဥယျာဉ် ပတ်ဝန်းကျင်ကို မပျက်ယွင်းစေဘဲ သဘာဝသစ်ပင်၊သစ်တောများ၊ ရာသီအလိုက်ဖူးပွင့်ကြသည့် ပန်းမန်များဖြင့် လှပရှုချင်စဖွယ်ဖြစ်အောင် ဖြည့်စွက်စိုက်ပျိုး၊

❁ ကန်တော်ကြီးရေပြင်သန့်ရှင်းရေး၊ ကန်တော်ကြီးအတွင်း ရေဝင်မှုတိုးမြှင့်သိုလှောင်နိုင်ရေး၊ တန်ဖိုးကြီးမားလှသည့် ကန်တော်ကြီးသဘာဝဥယျာဉ်ကြီး မပျက်မယွင်းစေဘဲ ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ပါရမီခုံးကျော်တံတား တည်ဆောက်ရေး လုပ်ငန်းခွင်၌ နိုင်လွန်ကတ္တရာ ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း
ခေါင်းကြီး၊ သတင်း
ဆောင်းပါး အညွှန်း

★ နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများသည် ယခင်အခြေအနေများနှင့် လုံးဝကွာခြားကာ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ကိုယ်တွေ့ခံစားနေကြ ရပြီဖြစ်သည်။
ခေါင်းကြီး (စာ−၂)

★ တပ်မတော်အစိုးရက အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကိုရှေးရှုပြီး လိုက်လျောမှုတွေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးမှုတိုင်းကို နိုင်ငံတကာဖိအားပေးမှုကြောင့် အစိုးရက အလျှော့ပေးလိုက်လျောမှုတွေအဖြစ် အစိုးရဆန့်ကျင်ရေးဝါဒီတွေကလွဲမှားစွာ ရှုမြင်ခံယူနေကြတာ ဖြစ်ပါတယ်။
အောင်မိုးစံ၏ "အမေရိကန်အစိုးရရဲ့ ကျား−ကျား မီးယပ်ကုထုံးနည်းကို ရပ်ဆိုင်းသင့်ပါပြီ" ဆောင်းပါး (စာ−၃)

★ အမေရိကန်ပြည်ထောင်စု၏သဘောထား ရပ်တည်ချက်များနှင့် မူဝါဒများ လက်တွေ့နှင့်ဆန့်ကျင်၊ လက်ဘနွန်နှင့် အခြားအာရပ်တစ်နိုင်ငံ၏ အကျိုးစီးပွား ကန်စိုးရိမ်သည် ဆိုမှု မည်သူကမျှမယုံကြည်၊ ကုလ၌ မဲခွဲဆုံးဖြတ်ရန် ကန်၏ဖိအားပေးမှု ဆီးရီးယားသတင်းစာပြစ်တင်ရှုတ်ချ။
နိုင်ငံတကာသတင်း (စာ−၄)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်)

နယ်စပ်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး

တိုင်းရင်းသားပြည်သူများ ပူးပေါင်းပါဝင်မြှင့်တင်ကြိုးပမ်း

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေး၊ တိုင်းရင်းသားပြည်သူအားလုံး၏ လူနေမှုဘဝ မြင့်မားတိုးတက်စေရေးအတွက် ဘက်စုံထောင့်စုံက အားသွန်ကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိပေသည်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် အေးချမ်းတည်ငြိမ်ရေးသည် ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံ အုတ်မြစ်ဖြစ်သည်နှင့်အညီ ယခုအခါ ငြိမ်းချမ်းသာယာမှုများ လွှမ်းခြုံလျက်ရှိသည့် နယ်စပ်ဒေသများမှ တိုင်းရင်းသားပြည်သူများသည် ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးရလဒ်ကောင်းများကို မျက်မြင်တွေ့ရှိ ခံစားနေကြရပြီဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၂၀၀၄ ခုနှစ် ဇွန်လ ၉ ရက်က ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်း အမှတ်စဉ်(၆)နှင့် အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇) သင်တန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သြဝါဒစကားမြွက်ကြားခဲ့ရာတွင် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍–

“နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေပြဋ္ဌာန်းပြီး စီးပွားရေး၊ လူမှုရေး၊ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားလူမျိုးများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေး၊ နယ်စပ်ဒေသလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေဒေသ အေးချမ်းသာယာရေးတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း”

ထည့်သွင်း မိန့်ကြားခဲ့ပေသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဌာနသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ငွေကျပ်သန်းပေါင်း ၅၆၀၀၀ ကျော်နှင့် နိုင်ငံခြားငွေ ဒေါ်လာသန်း ၅၅၀ ကျော် သုံးစွဲခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ၏ ဖွံ့ဖြိုးရေးအခြေခံမှုသည် နိုင်ငံတစ်ဝန်းလုံး ညီမျှသည့် ဖွံ့ဖြိုးရေးကို ဦးတည် မျှော်မှန်းထားပေသည်။ ထို့အပြင် နယ်စပ်ဒေသနှင့် အတွင်းပိုင်းဒေသများအကြား ကွာဟမှု၊ မြို့ပြနှင့် ကျေးလက်ဒေသများအကြား ကွာဟမှု၊ ဒေသတစ်ခုနှင့် တစ်ခုအကြား ကွာဟနေမှုများ လျော့နည်း ကျဆင်းကာ ဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ထောင်စုကြီး တိုးတက်ခိုင်မာရေးတို့ အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေး အထူး ဒေသကြီး ၂၄ ခုစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် စီမံကိန်းများကို ချမှတ် ဖော်ဆောင်ခဲ့ပေသည်။

အဆိုပါစီမံကိန်းများအရ နယ်စပ်ဒေသများတွင် ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးစေခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းများ အပါအဝင် မြစ်ကူး၊ ချောင်းကူး တံတားကြီးများ၊ မော်တော်ကားနှင့် မီးရထားလမ်းများ၊ ဆေးရုံ ဆေးပေးခန်းများ၊ ဆက်သွယ်ရေးဌာနများစသည့် အခြေခံအဆောက်အအုံများကို ဖြည့်ဆည်းပံ့ပိုးပေးလျက် ရှိသည်။ ယခုအခါ နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများသည် ယခင်အခြေအနေများနှင့် လုံးဝ ကွာခြားကာ ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို ကိုယ်တွေ့ခံစားနေကြရပြီ ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် စီမံကိန်းများချမှတ်၍ ဖြည့်ဆည်းပေးလျက်ရှိသည့်နည်းတူ တိုင်းရင်းသားခေါင်းဆောင်များနှင့် ဒေသခံတိုင်းရင်းသားများကလည်း ရရှိပြီးသော တိုးတက်မှုအရှိန်အဟုန်ကို ဆက်လက်မြှင့်တင် ကြိုးပမ်းခြင်းဖြင့် နယ်စပ်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် တက်ညီလက်ညီ ပါဝင်ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၅-၉-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော်**“ဖဂ္ဂုနရဟန်း”**
၉း၁၀ ၁၀။ နိုင်ငံတကာစာတတ်မြောက် ရေးနေ့အထိမ်းအမှတ် **“ဘယ်သူပြိုင်လို့ လှပါတော့နိုင်”** ဒါရိုက်တာ–ဦးသုခ (သရုပ်ဆောင်–ဇော်ဝမ်း၊ တင်တင်သို၊ အံ့ကျော်)

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Project Preparation and Evaluation (ပြည်သူ့ရေးရာ–ဒုတိယနှစ်)
၄း၄၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၈။ နိုင်ငံတကာသတင်း
၆း၂၀ ၉။ မိုးလေဝသသတင်း
၆း၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၁။ မြန်မာ့ရှုခင်း
၆း၄၀ ၁၂။ လျှပ်တစ်ပြက်
၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မဆုတ်မနစ်”**(အပိုင်း–၈)
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၆။ လျှပ်တစ်ပြက်
၁၇။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၁၈။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မိုးကြိုးကွန်ရက်နှင့်လျှပ်စီးဓား”** (ဒုတိယတွဲ) (အပိုင်း–၁၂)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူ ကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမှိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ၊တူးဖော်၊ထုတ်လုပ်ရေးလုပ်ငန်းများ ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေးစာချုပ်လက်မှတ်ရေးထိုး

ရန်ကုန် စက်တင်ဘာ ၄

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံ Dian-Qian-Gui Petroleum Exploration Bureau of SINOPEC တို့သည် ကုန်းပိုင်းဒေသ လုပ်ကွက်အမှတ်–D စစ်ကိုင်းတိုင်း မုံရွာခရိုင်နှင့် မကွေးတိုင်း ပခုက္ကူခရိုင်တို့အတွင်းရှိ မဟူတောင်ဒေသ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊တူးဖော်၊ထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract) ကို ယမန်နေ့ ညနေ၆နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ လက်မှတ်ရေးထိုး ချုပ်ဆိုကြသည်။

တက်ရောက်

အဆိုပါ စာချုပ် လက်မှတ်ရေး ထိုးပွဲ အခမ်းအနားသို့ စွမ်းအင်ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရှေ့နေချုပ် ဦးအေးမောင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး တာဝန်ခံ Mr. Yu Boren၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Dian-Qian-Gui Petroleum Exploration Bureau of SINOPEC ဥက္ကဋ္ဌ Mr.Lei Wenju၊ ဖိတ်ကြားထားသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းလုပ်ကိုင်ခွင့် အမိန့်ကြော်ငြာစာကို ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက တရုတ်ပြည်သူ့သမ္မတနိုင်ငံ Dian-Qian-Gui Petroleum Exploration Bureau of SINOPEC ဥက္ကဋ္ဌ Mr.Lei Wenju အားပေးအပ်စဉ်။ (စွမ်းအင်)

လက်မှတ်ရေးထိုးချုပ်ဆို

အခမ်းအနားတွင် စွမ်းအင်ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အမှာစကားပြောကြားပြီး စာချုပ်များ ကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း ခေတ္တ ဦးဆောင်ညွှန်ကြား ရေးမှူး ဦးကျော်နိုင်နှင့်တရုတ်ပြည်သူ့ သမ္မတနိုင်ငံ Dian-Qian-Gui Petroleum Exploration Bureau of SINOPEC ဥက္ကဋ္ဌ Mr. Lei Wenju တို့က လက်မှတ်ရေးထိုး ချုပ်ဆိုကြသည်။

ပေးအပ်

ထို့နောက် စာချုပ်များကို အပြန် အလှန်လဲလှယ်ကြကာစွမ်းအင်ဝန်ကြီး ဌာန၏ လုပ်ငန်းလုပ်ကိုင်ခွင့် အမိန့် ကြော်ငြာစာကို ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီကလည်းကောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့် ကို ဝန်ကြီးဦးသောင်းကလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Dian-Qian-Gui Petroleum Exploration Bureau of SINOPEC ဥက္ကဋ္ဌ Mr.Lei Wenjuအား ပေးအပ် ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက် ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမေရိကန်အစိုးရရဲ့ ကျား-ကျား မီးယပ်ကုထုံးနည်းကို ရပ်ဆိုင်းသင့်ပါပြီ

အောင်မိုးခံ

တစ်ခါတုန်းက ရွာတစ်ရွာမှာ မြန်မာဗိန္ဒောဆရာတစ်ဦးရှိခဲ့တယ်။ တစ်နေ့ မှောင်ရီပျိုးစအချိန်မှာ အမျိုးသားကြီးတစ်ဦးက ဆရာလာပင့်တော့ ဆေးလွယ်အိတ်ကလေး ပခုံးပေါ်လွယ်ပြီး လိုက်သွားခဲ့တယ်။ လူနာအိမ်ကိုရောက်တော့ မှောင်နေပြီ။ လူနာက ခြင်ထောင်ထဲမှာ မှိန်းနေတယ်။ ဆရာက ခြင်ထောင်ထဲက လူနာရဲ့လက်ကိုကိုင်ပြီး သွေးခုန်နှုန်းစမ်းကြည့်တယ်။ ပြီးတော့ ဆေးတိုက်ရန် ဆေးစပ်ပေးခဲ့တယ်။ ဆရာပြန်ကွခါနီးမှာ လူနာစောင့်အမျိုးသားကြီးက 'ဘာရောဂါဖြစ်နေသလဲ ဆရာကြီးရယ်'လို့ မေးတော့ မီးယပ်နဲ့ယှဉ်ပြီးဖြစ်တဲ့ ရောဂါပါလို့ ပြန်ဖြေတယ်။ ဒါနဲ့ လူနာစောင့်အမျိုးသားကြီးက တအံ့တသြနဲ့ ဆရာရယ် လူနာကယောကျ်ားပါ၊ မီးယပ်ရောဂါ ဘယ်ဖြစ်နိုင်မှာလဲလို့ ပြောတော့ ဆရာက **"ကျား-ကျား မီးယပ်"** ပဲကွာလို့ ဇွတ်ပြောပြီး ပြန်ကွသွားတော့တယ်။ မီးယပ်ရောဂါမဖြစ်နိုင်တဲ့ ယောကျ်ားကို မီးယပ်ဆေးနဲ့ အကုမှားနေတာကို ပတ်ဝန်းကျင်က မှားနေကြောင်းပြောတာကို လက်မခံဘဲ ကျား-ကျား မီးယပ်ပဲ ဆိုပြီး ပြန်ပြောတဲ့အမှားမျိုး ကျူးလွန်နေသူကို ဥပမာတင်စားပြောတဲ့ စကားပုံတစ်ခု ဖြစ်ပါတယ်။

စီးပွားရေး ပိတ်ဆို့ဒဏ်ခတ်မှုကြောင့် အကောင်းဘက်သို့ ပြောင်းလဲသွားတဲ့ တိုင်းပြည်ရယ်လို့ ကမ္ဘာမှာ မရှိဖူးသေးသလို စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုကြောင့် ဘယ်တိုင်းပြည်မှာတော့ အစိုးရပြုတ်ကျသွားပြီး ဒီမိုကရေစီ နိုင်ငံအဖြစ် ပြောင်းလဲသွားတယ်လို့လဲ ကမ္ဘာပေါ်မှာ လက်ညှိုးထိုးပြစရာ မရှိသေးပါ။

နိုင်ငံတကာမှာ ပါမောက္ခတွေ ပညာရှင်တွေကလဲ စီးပွားရေးပိတ်ဆို့မှုကြောင့် ဒီမိုကရေစီလဲ ဖြစ်ပေါ်မလာနိုင်၊ မြန်မာနိုင်ငံက တပ်မတော်အစိုးရလဲ ပြုတ်မကျနိုင်ဘူးလို့ ပြောဆိုနေကြပါလျက် ပြည်တွင်းပြည်ပမှ အစိုးရဆန့်ကျင်ရေးဝါဒီတွေရယ်၊ အနောက်အုပ်စုနိုင်ငံတွေရှိ ဒီမိုကရေစီရေး ထောက်ခံအားပေးနေပါတယ် ဆိုသူတွေရယ်တို့ဟာ မြန်မာနိုင်ငံကို စီးပွားရေး၊ နိုင်ငံရေးပိတ်ဆို့ ဖိအားပေးမှုတွေကို တစ်ဆင့်ထက်တစ်ဆင့် တိုးမြှင့်ဖိအားပေးဖို့ပဲ ကြိုးစားနေကြပါတယ်။

"မည်သည့်နိုင်ငံ၏ ပြည်တွင်းရေးစီရင်ပိုင်ခွင့် အာဏာအတွင်း လုံးဝကျရောက်နေသော အရေးကိစ္စတွင်မဆို ကုလသမဂ္ဂက ကြားဝင်ဆောင်ရွက်ရန် ကုလသမဂ္ဂပဋိညာဉ်စာချုပ်တွင် ခွင့်ပြုထားခြင်းမရှိ" ဆိုတဲ့ ကုလသမဂ္ဂအခြေခံမူရှိနေပါလျက် မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးပြဿနာကို ကုလသမဂ္ဂလုံခြုံရေးကောင်စီအရောက်သယ်သွားပြီး မြန်မာနိုင်ငံအစိုးရကို ဖိအားပေးဖို့ ကြံစည်တိုက်တွန်းနေကြပါတယ်။

ဒါတွင်မကသေးပါ **"တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုရန်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ တန်းတူမှုရှိရန်နှင့် နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းရန်" ဆိုတဲ့ ဘန်ဒေါင်းအခြေခံမူတွေပေါ် ရပ်တည်နေတဲ့ အာဆီယံတိုင်းပြည်တွေကို အမေရိကန်အစိုးရက မြန်မာနိုင်ငံကို ဝိုင်းပယ်ဖိအားပေးရန် တောင်းဆိုတိုက်တွန်းနေခြင်းဖြင့် အာဆီယံကို အမေရိကန်ရှေ့ဆောင် အနောက်အုပ်စုရဲ့ နောက်လိုက်ဖြစ်အောင် ဖန်တီးနေကြပါတယ်။**

ပြီးခဲ့တဲ့ ဇူလိုင်လ ၇ရက်နေ့မှာတော့ အမေရိကန်အစိုးရဟာ မြန်မာနိုင်ငံ ဒီမိုကရေစီဖြစ်ပေါ်ရေးနဲ့ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးဆိုပြီး ၂၀၀၃ ခုနှစ်က "မြန်မာနိုင်ငံလွတ်လပ်ရေးနဲ့ ဒီမိုကရေစီရေး ၂၀၀၃ ခုဥပဒေ" ဆိုတာကို တစ်နှစ် ထပ်မံသက်တမ်းတိုးခဲ့ပါတယ်။

အမေရိကန်အစိုးရရဲ့ ဒီလုပ်ဆောင်ချက်ဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၂၈နှစ်တုန်းက **အရင်းရှင်ကုန်လုပ်စွမ်းအားစုတွေ တိုးတက်ကြီးထွားလာမှုကြောင့်** ပဒေသရာဇ်စနစ်ကို ဆန့်ကျင်အနိုင်ယူပြီး ဒီမိုကရေစီသမ္မတနိုင်ငံ ဖြစ်ပေါ်တိုးတက်အောင် လုပ်ဆောင်နိုင်ခဲ့တဲ့ အမေရိကန်ပြည်ရဲ့ သမိုင်းဖြစ်ရပ်ရယ်။

ပထမကမ္ဘာစစ်အပြီး စစ်ရှုံးတိုင်းပြည်တွေကို နောက်တစ်ကြိမ် မိမိတို့ကို အန်တုယှဉ်ပြိုင်နိုင်စွမ်းမရှိအောင် စီးပွားရေးဖိအားပေးသောအားဖြင့် စစ်လျော်ကြေးတွေ ဖိတောင်းလိုက်တာဟာ စစ်ကြောင့်မွဲပြာကျသွားသော တိုင်းပြည်တွေရဲ့ **ကုန်လုပ်စွမ်းအားစုတွေ ပိုမိုကျဆင်းသွားအောင် လုပ်လိုက်ရာရောက်တဲ့အတွက်** အဲဒီတိုင်းပြည်တွေမှာ နာဇီဝါဒ၊ ဖက်ဆစ်ဝါဒတွေ ဖြစ်ပေါ်လာပြီး ဒုတိယကမ္ဘာစစ်ကြီးကို ထပ်မံရင်ဆိုင်ခဲ့ရတဲ့ဖြစ်ရပ်ရယ်။

ဒုတိယကမ္ဘာစစ်အပြီးမှာတော့ ဒီအမှားကို ပြင်တဲ့အနေနဲ့ အမေရိကန်ဦးဆောင်သော မဟာမိတ်နိုင်ငံများဟာ မာရှယ်စီမံကိန်းဖြင့် စီးပွားရေးအကူအညီတွေ၊ နည်းပညာအကူအညီတွေ ပေးခဲ့မှုကြောင့် **အရင်းရှင်(ဈေးကွက်)စီးပွားရေးတွေ တိုးတက်ဖြစ်ပေါ်လာပြီး အရင်းရှင်ကုန်လုပ်စွမ်းအားစုတွေ ဖြစ်ပေါ်တိုးတက်လာမှုက** ဂျာမနီ၊ အီတလီ၊ ဂျပန်အစိုးရ အုပ်စိုးသူတွေကိုယ်တိုင်က ဒီမိုကရေစီနိုင်ငံတွေအဖြစ် ကူးပြောင်းခဲ့တဲ့ဖြစ်ရပ်သင်ခန်းစာတွေကို မျက်ကွယ်ပြုလျစ်လျူရှုတဲ့ လုပ်ရပ်ဖြစ်ပါတယ်။

ဒါတွင်မက-

> **"မည်သည့်နိုင်ငံမျှ၊ သို့မဟုတ် မည်သည့်နိုင်ငံအစုအဖွဲ့မျှ အခြားနိုင်ငံပြည်တွင်းရေးကိစ္စများတွင် ဖြစ်စေ၊ နိုင်ငံခြားရေးရာတွင်ဖြစ်စေ၊ မည်သည့်အကြောင်းပြချက်ဖြင့်ဖြစ်စေ၊ မည်သည့်နည်းလမ်းပုံစံများဖြင့် ဖြစ်စေ ဝင်ရောက်စွက်ဖက်ခြင်းမရှိစေရ။"**
>
> **"နိုင်ငံတိုင်းသည် အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန်အလို့ငှာ လူ့အခွင့်အရေးပြဿနာများအား မမှန်မကန် အသုံးချခြင်းကို ရှောင်ကြဉ်ရမည်။"**
>
> **"နိုင်ငံတိုင်းသည် နိုင်ငံအချင်းချင်း၊ သို့မဟုတ် နိုင်ငံအစုအဖွဲ့အချင်းချင်း တည်ငြိမ်မှုပျက်ပြားအောင် အကျပ်ကိုင် လုပ်ဆောင်ခြင်းများကို ရှောင်ကြဉ်ရမည်"**

ဆိုတဲ့ ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက်များကို ဆက်လက်ဆန့်ကျင်ချိုးဖောက်နေတဲ့ လုပ်ရပ်လဲ ဖြစ်ပါတယ်။

အမေရိကန်အစိုးရဟာ 'ကိုဆိုဗိုအရေး'မှာ ဒီလိုမမှန်မကန် ဝင်ရောက်စွက်ဖက်ဖိအားပေးမှုကြောင့် အမျိုးသားပြန်လည်ညီညွတ်ရေးကိုလဲ ယခုတိုင်မရနိုင်၊ ထို့အတူ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုလဲ မတည်ဆောက်နိုင်လို့ နေတိုးစစ်အင်အားနဲ့ ထိန်းသိမ်းပေးနေရဆဲ ဖြစ်ပါတယ်။

ဒါတွေကို အလေးအနက် သုံးသပ်သင်ခန်းစာယူသင့်ပါလျက် ယနေ့ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးပြဿနာတွေမှာ ၁၅နှစ်တိုင်တိုင် မမှန်မကန် တစ်ဖက်စောင်းနင်း ဝင်ရောက်စွက်ဖက် ဖိအားပေးမှုတွေဟာ ဘာကောင်းကျိုးတစ်ခုမှ ဖြစ်ပေါ်တိုးတက်လာတာ မရှိပါဘဲလျက် ယခုလို ဆက်လက်ဖိအားပေးနေမှုဟာ ကျား-ကျား မီးယပ်ကုထုံးနည်းကို ဆက်လုပ်နေတာဖြစ်ပါတယ်။

၁၉၈၈ခုနှစ်က တပ်မတော်အစိုးရနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရှေ့ဆောင် အစိုးရဆန့်ကျင်ရေးဝါဒီတွေရဲ့ ပဋိပက္ခတွေကို ဖြစ်ပေါ်စေတဲ့ အကြောင်းတရားတွေကို လေ့လာကြည့်လျှင် "မှန်ကန်သောရှုမြင်ချက်တစ်ရပ်ဟာ ရုပ်တကယ်အမှန်ရှိမှုနဲ့ တကယ်အမှန်ရှိတဲ့ရုပ်အပေါ်မှ ရောင်ပြန်ဟပ်ယူမှုမှာ မူတည်တယ်"ဆိုတဲ့ ပြဿနာတွေ၊ ဖြစ်ရပ်တွေကို မှန်ကန်စွာ ချဉ်းကပ်ရှုမြင်ရေး သစ္စာတရားမှ သွေဖည်ပြီး ၁၉၈၈အရေးအခင်းကာလမှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးကို **ယခင်တည်ဆဲအစိုးရကလဲ မထိန်းသိမ်းနိုင်၊ အရေးအခင်းအပေါ် သြဇာညောင်းတဲ့ ခေါင်းဆောင်မှုရနေသူတွေကလဲ မထိန်းသိမ်းနိုင်တဲ့** အနေအထားကြောင့် မင်းမဲ့တိုင်းပြည်အနေအထားရောက်နေတဲ့ အခြေအနေကို လက်ပိုက်ကြည့်နေလို့ မဖြစ်တော့တဲ့ အနေအထားမှာ တပ်မတော်က နိုင်ငံတော်အာဏာကို ရယူခဲ့ရတဲ့ တကယ့်ဖြစ်ရပ်ရယ်။

နဝတအစိုးရဟာ နိုင်ငံတော်အာဏာကို ရယူပြီးတာနဲ့ တစ်ပြိုင်နက် ဗဟိုချုပ်ကိုင်စီးပွားရေးနဲ့ တစ်ပါတီအုပ်ချုပ်ရေးစနစ်ကို ဖျက်သိမ်းပြီး ဈေးကွက်စီးပွားရေးနဲ့ ပါတီစုံစနစ်ကို ဖွင့်လှစ်ပေးခြင်းဖြင့် အရေးအခင်းရဲ့လူထုဆန္ဒကို ကိုယ်စားပြုခဲ့တာရယ်။

စိုးရိမ်ကြောက်လန့်မှုကြောင့် ပြည်ပကိုထွက်ပြေးသူတွေနဲ့ ကျောင်းသူကျောင်းသားတွေအားလုံးကို ဘာမှအရေးမယူဘဲ ပြန်ခေါ်ကြိုဆိုခဲ့တာရယ်ဆိုတဲ့ တကယ့်ဖြစ်ရပ်တွေကို မျက်ကွယ်ပြုလျစ်လျူရှုပြီး ဒီမိုကရေစီရေး ချိုးနှိမ်ချေမှုန်းတဲ့ စစ်တပ်ရဲ့အာဏာသိမ်းမှုအဖြစ် အစိုးရဆန့်ကျင်ရေးဝါဒီတွေက စိတ္တဇအစွဲနဲ့ ရှုမြင်ခံယူခဲ့ကြတယ်။

အနောက်အုပ်စု မီဒီယာလောကသားတချို့ကလဲ မမှန်မကန်လုပ်ကြံဇာတ်လမ်းတွေနဲ့ ဘီဘီစီ၊ ဗွီအိုအေ အသံလွှင့်ဌာနတွေက အသံလွှင့်ပြီး နိုင်ငံတော်အစိုးရကို ပြည်သူတွေက အထင်လွဲမှုန်းတီးအောင် ဝိုင်းဝန်း လုပ်ဆောင်ခဲ့ကြသလို အမေရိကန်လွှတ်တော်အမတ် တချို့ကလဲ အစိုးရဆန့်ကျင်ရေးဝါဒီတွေအတွက် အခါတော်ပေးပုဏ္ဏားတွေ လုပ်ခဲ့ကြတယ်။

သက်ရောက်လာတဲ့အကျိုးကတော့ နိုင်ငံတော်အစိုးရကို စစ်အာဏာရှင်အစိုးရအဖြစ် လုပ်ကြံပုံဖော်ပြီး အာဏာရှင်စနစ်ကျဆုံးမှ ဒီမိုကရေစီရမယ်ဆိုတဲ့ "အကျိုးကို အကြောင်းလုပ်ထားတဲ့" ဒီမိုကရေစီဖော်ဆောင်ရေး သဘောတရားအယူမှားနဲ့ တပ်မတော်အစိုးရကို အပြုတ်တိုက်ပြီး အာဏာရယူ ရေးဟာ ဒီမိုကရေစီရေး(မဟာဗျူဟာ)ရည်မှန်းချက်ဖြစ်သလို ထိပ်တိုက်ရင်ဆိုင် ရေး၊ အာဏာဖီဆန်ရေးဟာလဲ ဒီမိုကရေစီဖော်ဆောင်ရေး(နည်းဗျူဟာ)အဖြစ် ကျင့်သုံးလာခဲ့တယ်။

၁၉၈၉ခုနှစ် ဇူလိုင်လ အာဇာနည်နေ့မှာ နိုင်ငံရေးပါတီတွေအားလုံးမှ တစ်ပါတီလျှင် ကိုယ်စားလှယ်၁၀ဦးကျ ပါဝင်ပြီး အာဇာနည်နေ့ ပူးပေါင်းကျင်းပရေးအတွက် အစိုးရရဲ့ဖိတ်ခေါ်ချက်ကို ဆန့်ကျင်ပြီး အာဇာနည်နေ့ဟာ လူတိုင်းမှာ ကျင်းပပိုင်ခွင့်ရှိတယ်၊ ဒါကြောင့် စင်ပြိုင်အာဇာနည်နေ့ ကျင်းပပြီး လူထုလှုပ်ရှားမှုလုပ်ရန် ကြံစည်စီစဉ်ခဲ့မှုနဲ့ နဝတအစိုးရဆန့်ကျင်ရေးလုပ်ဆောင်ပြောဆိုမှုတွေကြောင့် ဒေါ်အောင်ဆန်းစုကြည်ဟာ နေအိမ်မှာ အကန့်သတ်ခံလိုက်ရတယ်။

နဝတအစိုးရဟာ မိမိချမှတ်ထားတဲ့လုပ်ငန်းစဉ်(၄)ရပ်အတိုင်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ လမ်းပန်းဆက်သွယ်ရေးတွေ လုံခြုံချောမွေ့စေရေး ကြိုးပမ်းအောင်မြင်မှုအရ **၁၉၉၀ပြည့်နှစ်မှာ ရွေးကောက်ပွဲကို ကျင်းပပေးခဲ့ပြီး ထုံးစဉ်လာနှင့်အညီ အာဏာလွှဲပြောင်းနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန်** အသိပေးခဲ့တာကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဆန့်ကျင်ငြင်းဆန်ခဲ့တယ်။

နဝတအစိုးရဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်ကို ချမှတ်ပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေး၊ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးတို့ကို အားသွန်ခွန်စိုက် မနေမနားကြိုးစားလုပ်ဆောင် အကောင်အထည်ဖော်နေသော်လဲ ဒီလို နဝတအစိုးရရဲ့ တိုင်းကျိုးပြည်ပြု လုပ်ဆောင်ချက်အားလုံးကို တစ်ခုမှ အကောင်းမပြောဘဲ အဆိုးဘက်ကရှုမြင်ဝေဖန်ပုတ်ခတ်မှုတွေဖြင့်သာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က ပြောဆိုဝေဖန်နေကြတယ်။

တစ်ဖက်ကလဲ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ တိုင်းပြည်ရဲ့ စီးပွားရေးတွေကျဆင်းပြီး လူထုတွေ ဆင်းရဲကျပ်တည်းကုန်မှ ၁၉၈၈လူထုဆူပူလှုပ်ရှားမှုမျိုးနဲ့ တည်ဆဲအစိုးရကို ဖြုတ်ချ၊ မိမိပါတီအာဏာရရေး ရှေးရှုပြီး အနောက်အုပ်စုနိုင်ငံတွေကို စီးပွားရေးပိတ်ဆို့ဖို့၊ နိုင်ငံခြားခရီးသွား ဧည့်သည်တွေကို မလာဖို့တောင်းဆိုခဲ့တာကို အမေရိကန်အစိုးရနဲ့ အနောက်အုပ်စုတွေက တက်တက်ကြွကြွ အားပေးကူညီခဲ့ကြတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေး ငြင်းဆန် တာဝန်ပျက်ကွက်နေမှုကို တာဝန်ရှိသူတွေက လျစ်လျူရှုမနေနိုင်တော့လို့ ၁၉၉၃ ခုနှစ်မှာ သက်ဆိုင်သူတွေအားလုံးကို နိုင်ငံတော်အစိုးရ (တပ်မတော်)က ဖိတ်ခေါ်ဆွေးနွေး ညှိနှိုင်းပြီး အမျိုးသားညီလာခံကို ရှေ့ဆောင်တာဝန်ယူကျင်းပပေးခဲ့တယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်၈၆ဦး တက်ရောက်ခဲ့တယ်။

အမျိုးသားညီလာခံ ပြီးမြောက်ခါနီး အခြေအနေရောက်လာတဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်တွင် ကန့်သတ်ထားရာမှ ပြန်လွှတ်ပေးခဲ့တယ်။ မကြာခင်မှာပဲ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး "မယ်ဒလင်းအောဘရိုက်" ရောက်လာခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ သွားတွေ့ခဲ့တယ်။ ပြန်သွားပြီး မကြာခင်မှာပဲ အစိုးရနဲ့ NLD တွေ့ဆုံဆွေးနွေးရေး တောင်းဆိုချက်ကို NLD ကိုယ်စားလှယ်တွေက အမျိုးသားညီလာခံဥက္ကဋ္ဌထံ တင်ပြတာကို အကြောင်းမပြန်လို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ညီလာခံကထွက်ခွာခဲ့ကြတဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်မပေါ်ခဲ့ဘဲ ဖြစ်ခဲ့ရတယ်။

ဒေါ်အောင်ဆန်းစုကြည် ပြန်လွတ်ပြီးနောက် စနေ၊ တနင်္ဂနွေနေ့တိုင်းမှာ ၎င်းရဲ့ ခြံဝင်းအပြင်လမ်းမှာ အစိုးရဝေဖန်ဆန့်ကျင်တဲ့ ဟောပြောပွဲတွေ လုပ်ခဲ့တယ်။ နောက်ပိုင်းမှာ လမ်းပိတ်ဆို့မှု အခက်အခဲကို လူထုက တင်ပြလာမှုကြောင့် ပိတ်ပင်လိုက်ရတယ်။

အဲဒီနောက်မှာတော့ စင်ပြိုင်အစိုးရ ဖော်ဆောင်ရေး ရည်ရွယ်ချက်ဖြင့် လွှတ်တော်ကိုယ်စားပြုကော်မတီကို ဖွဲ့စည်းပြီး လွတ်လပ်စွာ လှုပ်ရှားခွင့် ကြွေးကြော်သံနဲ့ စည်းရုံးရေးထွက်ရန် ကြိုးပမ်းမှုတွေကြောင့် ဒေါ်အောင်ဆန်းစုကြည်ဟာ ဒုတိယအကြိမ် အိမ်တွင်းကန့်သတ်မှုခံရပြန်တယ်။

ကုလသမဂ္ဂကိုယ်စားလှယ် ရာဇာလီအစ္စမေး လူးလာခေါက်ပြန်လာရောက်ပြီး ဆွေးနွေးညှိနှိုင်းစေ့စပ်ပေးမှုကြောင့် အပြန်အလှန် ယုံကြည်မှုတည်ဆောက်ရေးအဆင့်ကို ရောက်ခဲ့တဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်ကို ကန့်သတ်မှုမှ ပြန်လွှတ်ပေးခဲ့တယ်။

ပြန်လွှတ်စမှာ တပ်မတော်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုပြီး ပြောခဲ့သေးတယ်။ ဒီလို အခြေအနေတွေအရ တပ်မတော်အစိုးရဟာ ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာပြည်အနှံ့သွားလာလှုပ်ရှားခွင့်ပြုပြီး နိုင်ငံတော်အစိုးရရဲ့ပြုပြင်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းတွေကို ဝင်ရောက်လေ့လာရာမှာ ၎င်းကို အရေးကြီးပုဂ္ဂိုလ်အဖြစ် သက်ဆိုင်ရာတွေက လက်ခံဆက်ဆံမှုတွေ လုပ်ခဲ့တယ်။

နောက်ပိုင်း ဒေသအချို့ကို သွားလာလှုပ်ရှားအပြီးမှာတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ယခင်သဘောထားတွေမှ အပြောင်းအလဲမရှိဘဲ ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်တဲ့သဘောထား ယခင်အတိုင်းပဲ ဆက်လက်ရှိတယ်ဆိုတဲ့ ပြောဆိုမှု ရှိလာပြန်တယ်။

အထက်မြန်မာပြည် ခရီးစဉ်မှာ မိုးကုတ်မြို့တွင် "ဒီမိုကရေစီဘယ်တော့ရမလဲ"ဆိုပြီး လူထုထဲက အမေးကို "မိုးကုတ်သားတွေလို သတ္တိရှိရင် မြန်မြန်ရမှာပေါ့"လို့ အဖြေပေးခြင်း၊ ဝန်းသိုဘက်တွင် ပြည်ခိုင်ဖြိုးအဖွဲ့ကို ဝေဖန်ပုတ်ခတ်မှုကြောင့် ကသာတွင် ပြည်ခိုင်ဖြိုးနဲ့ အစိုးရထောက်ခံသူတွေက တုံ့ပြန်ဆန္ဒပြမှုကြောင့် ပဋိပက္ခအသွင် ဆိုက်ရောက်ခဲ့ရာ ခရိုင်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဝင်ရောက်ဖြေရှင်း ပေးခဲ့ရတယ်။ ဒီပဲယင်းအရောက်တွင် နှစ်ဖက်ထောက်ခံကြတဲ့ လူထုချင်း ပဋိပက္ခဖြစ်မှုဖြင့် နိဂုံးချုပ်ခဲ့ရပါတယ်။

တပ်မတော်အစိုးရက အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး လိုက်လျောမှုတွေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးမှုတိုင်းကို နိုင်ငံတကာဖိအားပေးမှုကြောင့် အစိုးရက အလျှော့ပေးလိုက်လျောမှုတွေအဖြစ် အစိုးရဆန့်ကျင်ရေး ဝါဒီတွေက လွဲမှားစွာ ရှုမြင်ခံယူနေကြတာ ဖြစ်ပါတယ်။ ။

(ဆက်လက်ဖော်ပြပါမည်။)

တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုရန်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ တန်းတူမှုရှိရန်နှင့် နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းရန်" ဆိုတဲ့ ဘန်ဒေါင်းအခြေခံမူတွေပေါ် ရပ်တည်နေတဲ့ အာဆီယံတိုင်းပြည်တွေကို အမေရိကန်အစိုးရက မြန်မာနိုင်ငံကို ဝိုင်းပယ်ဖိအားပေးရန် တောင်းဆိုတိုက်တွန်းနေခြင်းဖြင့် အာဆီယံကို အမေရိကန်ရှေ့ဆောင် အနောက်အုပ်စုရဲ့ နောက်လိုက်ဖြစ်အောင် ဖန်တီးနေကြပါတယ်။

အမေရိကန်ပြည်ထောင်စု၏ သဘောထားရပ်တည်ချက်များနှင့်မူဝါဒများ လက်တွေ့နှင့်ဆန့်ကျင် လက်ဘနွန်နှင့်အခြားအာရပ်တစ်နိုင်ငံ၏အကျိုးစီးပွား ကန့်စိုးရိမ်သည်ဆိုမှု မည်သူမျှ မယုံကြည် ကုလ၌မဲခွဲဆုံးဖြတ်ရန် ကန်၏ဖိအားပေးမှု ဆီးရီးယားသတင်းစာ ပြစ်တင်ရှုတ်ချ

ဒမတ်စကတ် စက်တင်ဘာ ၃

အိမ်နီးချင်း လက်ဘနွန်နိုင်ငံ၏ အချုပ်အခြာအာဏာအား လေးစားရန် တိုက်တွန်းချက်ကို ကုလသမဂ္ဂ၌ မဲခွဲဆုံးဖြတ်ရန် အမေရိကန်ပြည်ထောင်စုက ဖိအားပေးမှုအပေါ် ဆီးရီးယားနိုင်ငံပိုင် တီရှရင်သတင်းစာက ကြာသပတေးနေ့၌ ပြစ်တင်ရှုတ်ချလိုက်သည်။

အမေရိကန်ပြည်ထောင်စု၏ သဘောထားရပ်တည်ချက်များနှင့် မူဝါဒများသည် လက်တွေ့နှင့် ဆန့်ကျင်ခြင်းကြောင့် လက်ဘနွန် သို့မဟုတ် အခြားမည်သည့် အာရပ်နိုင်ငံ၏ အကျိုးစီးပွားများနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုက စိုးရိမ်ပူပန်သည်ဆိုခြင်းကို မည်သူတစ်ဦးတစ်ယောက်ကမျှ မယုံကြည်နိုင်ကြောင်း သတင်းစာက ခေါင်းကြီးပိုင်း၌ ရေးသားဖော်ပြသည်။

ဗြောင်စွက်ဖက်

လက်ဘနွန်နိုင်ငံ၏ သမ္မတ မည်သူဖြစ်လာမည်ကို လက်ဘနွန်ပါလီမန်ကသာ ဆုံးဖြတ်ပိုင်ခွင့်ရှိကြောင်း၊ နိုင်ငံခြား၏ တစ်စုံတစ်ရာဖိအားပေးမှုသည် လက်ဘနွန်နိုင်ငံ၏ ပြည်တွင်းရေးတွင် အရှက်မရှိဘဲ ဗြောင်ဝင်ရောက်စွက်ဖက်ခြင်းပင်ဖြစ်ကြောင်း သတင်းစာက ဆက်လက်ရေးသားကာ ပြစ်တင်ရှုတ်ချခဲ့သည်။

လက်ဘနွန် သမ္မတရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ အမေရိကန်ပြည်ထောင်စု၏ ပြောစကားများသည် အခြေခံအားဖြင့် လက်ဘနွန်နှင့် ဆီးရီးယားနိုင်ငံတို့ကို ရန်လိုသည့် မူဝါဒတစ်ရပ်ဖြစ်ကြောင်းလည်း သတင်းစာက ရေးသားဖော်ပြသည်။

လက်ဘနွန်နိုင်ငံ၏သမ္မတ မည်သူဖြစ်လာမည်ကို လက်ဘနွန်ပါလီမန်ကသာ ဆုံးဖြတ်ပိုင်ခွင့်ရှိကြောင်း၊ နိုင်ငံခြား၏ တစ်စုံတစ်ရာဖိအားပေးမှုသည် လက်ဘနွန်နိုင်ငံ၏ ပြည်တွင်းရေးတွင် အရှက်မရှိဘဲ ဗြောင်ဝင်ရောက်စွက်ဖက်ခြင်းပင်ဖြစ်...

တာဝန်ထမ်းဆောင်ဆဲ လက်ဘနွန်သမ္မတ အီမိုင်လ် လာဟွဒ်၏ ခြောက်နှစ်သက်တမ်းကို တိုးချဲ့ရေးနှင့်စပ်လျဉ်း၍ ဆီးရီးယားနိုင်ငံက အရှိန်အဝါသုံးခဲ့ကြောင်း အမေရိကန်ပြည်ထောင်စုက ဆီးရီးယားနိုင်ငံအား စွပ်စွဲခဲ့သည်။

အချုပ်အခြာအာဏာ

ဗုဒ္ဓဟူးနေ့တွင် လက်ဘနွန်နိုင်ငံ၏ အချုပ်အခြာအာဏာကိုလေးစားရန်နှင့် လက်ဘနွန်မှနေ၍ ဆီးရီးယားတပ်များရုပ်သိမ်းရေး တောင်းဆိုထားသော ဆုံးဖြတ်ချက်မူကြမ်းကို အမေရိကန်ပြည်ထောင်စုက အခြားကုလသမဂ္ဂ လုံခြုံရေးကောင်စီဝင်များသို့ ဖြန့်ဝေခဲ့သည်။

တရားမျှတမှုမရှိ

ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဖာရောခ်အယ်လ် ရှာရီက အမေရိကန်ပြည်ထောင်စု၏ လုပ်ဆောင်ချက်သည် တရားမျှတခြင်းမရှိကြောင်း ဗုဒ္ဓဟူးနေ့၌ ကန့်ကွက်ခဲ့သည်။ လက်ဘနွန်ပါလီမန်သည် သမ္မတ အီမိုင်လ်အား ၎င်း၏ သက်တမ်း နိုဝင်ဘာ ၂၄ ရက်၌ ကုန်ဆုံးပြီးနောက် နောက်ထပ် သုံးနှစ် သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခွင့်ပြုမည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်ကို သောကြာနေ့တွင် မဲခွဲ ဆုံးဖြတ်မည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်သတင်းအကျဉ်း

ဘဂ္ဂဒက် စက်တင်ဘာ ၄

- စက်တင်ဘာ ၂ရက်အထိ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၉၇၆ ဦးရှိပြီ၊
- အီရတ်မြောက်ပိုင်းရှိ ရေနံပိုက်လိုင်း ဖောက်ခွဲတိုက်ခိုက်ခံရ၊
- ဖော်လူဂျာမြို့အား အမေရိကန်တပ်ဖွဲ့ဝင်တို့ ညလုံးပေါက် လေကြောင်းမှ တိုက်ခိုက်၊ အီရတ် ကိုးဦးသေဆုံး၊ ခြောက်ဦးဒဏ်ရာရ၊
- အီရတ်၌ တူရကီ ယာဉ်မောင်းသုံးဦး သတ်ဖြတ်ခံရ၊
- မိုဆူးလ်မြို့၌ စိန်ပြောင်းကျည်များ ကျရောက်ပေါက်ကွဲ၊ ရဲအရာရှိတစ်ဦး သေဆုံး၊ ၁၈ ဦးဒဏ်ရာရ၊
- အီရတ်၌ ပြန်ပေးဆွဲ ခံခဲ့ရသော ကင်ညာ နိုင်ငံသားသုံးဦး ပြန်လည်လွတ်မြောက်လာ။

ကယ်ကွတ်မြို့အနောက်တောင်ဘက် ရီယာဒ်မြို့အနီး တိုက်ခိုက်ခံရမှုကြောင့် ရေနံပိုက်လိုင်း မီးလောင်နေသည်ကို စက်တင်ဘာ၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်မြောက်ပိုင်းရှိ ရေနံပိုက်လိုင်း ဖောက်ခွဲတိုက်ခိုက်ခြင်းခံရ

ဘဂ္ဂဒက် စက်တင်ဘာ ၃

တူရကီသို့ ရေနံပို့ပေးသော အရေးကြီးပိုက်လိုင်းတစ်လိုင်း အကြီးအကျယ်တိုက်ခိုက်ခြင်းခံရသဖြင့် အီရတ်နိုင်ငံမြောက်ပိုင်း ရေနံတင်ပို့မှုများ ကြာသပတေးနေ့က ရပ်ဆိုင်းသွားခဲ့သည်။

ယနေ့ နေ့လယ်ပိုင်း၌ တိုက်ခိုက်ခံခဲ့ရသော အီရတ်-တူရကီ ရေနံပိုက်လိုင်းသည် လက်မ ၄၀ အကျယ်ရှိ ပိုက်လိုင်းဖြစ်ပြီး လွန်ခဲ့သည့်တစ်နှစ်ခွဲ၌ ရေနံပိုက်လိုင်းများ စတင် ဖောက်ခွဲတိုက်ခိုက်ခြင်းခံခဲ့ရချိန်မှစပြီး ယခု တိုက်ခိုက်မှုသည် အကြီးမားဆုံးဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဖော်လူဂျာမြို့အား ကန်တပ်ဖွဲ့များ လေကြောင်းမှ ညလုံးပေါက်တိုက်ခိုက်ပြန်

ဘဂ္ဂဒက် စက်တင်ဘာ ၃

ဖောလူဂျာမြို့အား အမေရိကန်တပ်များက လေကြောင်းမှ ဗုဒ္ဓဟူးနေ့၌ ညလုံးပေါက်တိုက်ခိုက်သဖြင့် အီရတ်ကိုးဦးထက်မနည်း သေဆုံးပြီး အခြားခြောက်ဦး ဒဏ်ရာရခဲ့ကြောင်း ရဲအဖွဲ့နှင့် ဆေးရုံသတင်းရပ်ကွက်များက ကြာသပတေးနေ့ အစောပိုင်း၌ ပြောကြားသည်။

ဘဂ္ဂဒက်အနောက်ဘက် ကီလိုမီတာ ၅၀ ရှိ ဖော်လူဂျာမြို့သည် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များအား ခုခံတိုက်ခိုက်နေသော မြို့ဖြစ်သည်။

အမေရိကန်တိုက်လေယာဉ်တစ်စင်းက ဖော်လူဂျာမြို့တွင်းရှိ လူနေရပ်ကွက်တစ်ခုကို ညပိုင်း၌ ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်ခဲ့သဖြင့် အီရတ်ကိုးဦးသေဆုံးပြီး အိမ်နှစ်လုံးပျက်စီးခဲ့သည်ဟု သတင်းရပ်ကွက်များက ပြောဆိုသည်။ ဒဏ်ရာရသူခြောက်ဦးတွင် အချို့ဒဏ်ရာပြင်းထန်ကြောင်း ဆရာဝန်တစ်ဦးက ပြောကြားသည်။ ထိုအခိုက်အတန့်တွင် အမေရိကန်စစ်ဘက်ဆိုင်ရာက ဖော်လူဂျာမြို့အား လေကြောင်းမှ တိုက်ခိုက်ခဲ့ကြောင်း အတည်ပြုပြောကြားသည်။

စနေနေ့၌ အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များက ဖော်လူဂျာရှိ ခုခံတိုက်ခိုက်ရေးပြောက်ကျားများ၏ စခန်းများကို ပစ်ခတ်တိုက်ခိုက်မှုကြောင့် လူငါးဦးသေဆုံးပြီး ၄၀ ကျော် ဒဏ်ရာရခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်မြို့ အစိမ်းရောင်ဒေသကို စိန်ပြောင်းကျည်များဖြင့် ပစ်ခတ် တိုက်ခိုက်ခံရပြီးနောက် စစ်ယာဉ်တစ်စီးဖြင့် လုံခြုံရေး စောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များအား စက်တင်ဘာ ၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တူရကီထရပ်ကား ယာဉ်မောင်းသုံးဦး အီရတ်တွင် သတ်ဖြတ်ခြင်းခံရ

ဘဂ္ဂဒက် စက်တင်ဘာ ၃

အီရတ်တွင် တူရကီထရပ်ကား ယာဉ်မောင်းသုံးဦးအား အီရတ်လက်နက်ကိုင်ပြောက်ကျားအုပ်စု တစ်စုက သတ်ဖြတ်လိုက်ကြောင်း ကာတာအခြေစိုက် အယ်လ်ဂျာဇီရာရုပ်မြင်သံကြားက ကြာသပတေးနေ့တွင် သတင်းထုတ်လွှင့်ခဲ့သည်။

အယ်လ်ဂျာဇီရာက မျက်နှာဖုံးစွပ်ထားသော လက်နက်ကိုင်များ ဖမ်းဆီးထားသည့် တူရကီသုံးဦးကို ရိုက်ကူးထားသောတိပ်ခွေအား ထုတ်လွှင့်ပြသခဲ့သော်လည်း သတ်ဖြတ်မှုကို ပြသခြင်းမပြုပေ။

အန်ကာရာရှိ တူရကီအရာရှိတစ်ဦးက အယ်လ်ဂျာဇီရာက ထုတ်လွှင့်ပြသသော တိပ်ခွေသည် ယုံလောက်စရာရှိကြောင်း ပြောကြားသည်။

အစောပိုင်း၌ အီရတ်ရဲအဖွဲ့က ဘဂ္ဂဒက်မြောက်ဘက်၌ လမ်းဘေးတွင် သေဆုံးနေသော တူရကီထရပ်ကား ယာဉ်မောင်းနှစ်ဦး၏ အလောင်းများကို တွေ့ခဲ့ကြောင်း ထိုသေဆုံးနေသော အလောင်းနှစ်လောင်းနှင့် မလှမ်းမကမ်း၌ နောက်ထပ်အလောင်းတစ်လောင်းကို တွေ့ရသော်လည်း ထိုအလောင်း၌ မှတ်ပုံတင်ကတ်မပါရှိကြောင်း ပြောကြားခဲ့သည်။

အလောင်းများကို ဘဂ္ဂဒက်မြောက်ဘက်ရှိ ဆာမာရာမြို့၏တောင်ဘက် ဂျာဆီယာရွာအနီး၌ တွေ့ခဲ့ရသည်ဟု ဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဟောင်း ချာလာဘီ၏ယာဉ်တန်း သေနတ်သမားများက ဘဂ္ဂဒက်တောင်ဘက်၌ တိုက်ခိုက်

ဘဂ္ဂဒက် စက်တင်ဘာ ၂

အီရတ်အုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌဟောင်း အာမက်ချာလာဘီ၏ ယာဉ်တန်းကို သေနတ်သမားများက ဗုဒ္ဓဟူးနေ့၌ တိုက်ခိုက်ကြသဖြင့် ချာလာဘီ၏ သက်တော်စောင့်နှစ်ဦး ဒဏ်ရာရရှိကြောင်း ချာလာဘီ၏လက်ထောက်အရာရှိများက ပြောကြားသည်။

တိုက်ခိုက်မှု ဖြစ်ပွားရာနေရာမှာ ယခင်က နိုင်ငံခြားသားအချို့နှင့် အီရတ်အရာရှိများကို တိုက်ခိုက်ခဲ့သော အီရတ်မြို့တော် ဘဂ္ဂဒက်တောင်ဘက်ရှိ လတ်တီဖီယာအရပ်၌ ဖြစ်သည်။ အယာတိုလာအလီအယ်လ်စစ္စတာနီနှင့် ဆွေးနွေးပြီးနောက် ပြန်လာခြင်းဖြစ်ပြီး ဘဂ္ဂဒက်တောင်ဘက်၌ သေနတ်သမားများက တိုက်ခိုက်ခဲ့ကြကြောင်း ထိခိုက်ဒဏ်ရာရခြင်းမရှိသည့် ချာလာဘီက ပြောကြားသည်။ အီရတ်ကြားဖြတ်အမျိုးသား လွှတ်တော်အဖွဲ့ဝင် ချာလာဘီသည် ယင်းသို့တိုက်ခိုက်ခြင်းခံရပြီးနောက် ဘဂ္ဂဒက်၌ကျင်းပမည့် အီရတ်လွှတ်တော်၏ ပထမအစည်းအဝေးသို့ တက်ရောက်ရန် ဆက်လက်သွားရောက်ခဲ့သည်။

ချာလာဘီသည်နိုင်ငံခြား၌ ဆယ်စုနှစ်များစွာ သွားရောက်နေထိုင် ခဲ့စဉ် သုံးလေးကြိမ် လုပ်ကြံခြင်းခံခဲ့ရသော်လည်း အသက်ဘေးက လွတ်မြောက်ခဲ့ကြောင်း သူ၏လက်ထောက်အရာရှိများက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

မီဒီတပ်ဖွဲ့ဝင်များအား ဒတ်ချ်တို့ ဖမ်းဆီးရန်ကြိုးပမ်းမှု အဆုံးသတ်မှသာ တိုက်ခိုက်မှုများရပ်ဆိုင်းမည်ဟု ပြောကြား

ဘရပ်ဆယ် စက်တင်ဘာ ၂

တိုက်ခိုက်မှုများသည် မီဒီတပ်ဖွဲ့ဝင်များအား ဖမ်းဆီးရန်ကြိုးပမ်းမှုကို ဒတ်ချ်တပ်ဖွဲ့ဝင်များက ရပ်ဆိုင်းမှသာ အဆုံးသတ်မည်ဖြစ်ကြောင်း အယ်လ်ဆာဒါ၏ ကိုယ်စားလှယ် ဂါဇီအယ်လ်ဇာဂါနီက ပြောကြားသည်။

တိုက်ခိုက်မှုများကို ရှောင်လွှဲနိုင်ရန်အတွက် ဒတ်ချ်တပ်ဖွဲ့ဝင်များ ၎င်းတို့၏ အခြေစိုက်စခန်းအတွင်း၌သာ နေကြရန် အီရတ်ခေါင်းဆောင် မော့တာဒါ အယ်လ်ဆာဒါ၏ ကိုယ်စားလှယ်တစ်ဦးက သတိပေးကြောင်း နယ်သာလင်ရေဒီယိုက ဗုဒ္ဓဟူးနေ့၌ သတင်းထုတ်လွှင့်ခဲ့သည်။

ငြင်းဆို

အဆိုပါ နယ်သာလင်ရေဒီယိုက ဒတ်ချ်တပ်ဖွဲ့သည် ဆာဒါ၏တပ်ဖွဲ့ဝင်များနှင့် စတင်စေ့စပ်ခဲ့ကြောင်း သတင်းထုတ်လွှင့်သော်လည်း ဒတ်ချ် ကာကွယ်ရေးဝန်ကြီးဌာနကမူ ထိုသို့ဆွေးနွေးခြင်းမရှိကြောင်း ငြင်းဆိုခဲ့သည်။

ထုတ်လွှင့်

ထို့ပြင် နယ်သာလင်ရေဒီယိုက ဒတ်ချ် ကာကွယ်ရေးဝန်ကြီးဌာနသည် အီရတ်သို့ ကွန်မန်ဒိုများနှင့် စစ်ဘက်ထောက်လှမ်းရေးအရာရှိများကို လွှတ်ရန် စီစဉ်ထားကြောင်းလည်း သတင်းထုတ်လွှင့်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ပြင်သစ်သတင်းစာဆရာနှစ်ဦး လွတ်မြောက်ရေး ဖြစ်နိုင်ချေရှိသည်များ အားလုံးလုပ်မည်ဟု သမ္မတပြောကြား

ပါရီ စက်တင်ဘာ ၂

အီရတ်နိုင်ငံ၌ ဓားစာခံအဖြစ်ဖမ်းဆီးခြင်းခံထားရသော ပြင်သစ်သတင်းစာဆရာနှစ်ဦး လွတ်မြောက်ရေးအတွက် ဖြစ်နိုင်ချေရှိသည်များအားလုံးကို မိမိလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတဂျက်ရှီရက်က ဝန်ကြီးများအစည်းအဝေးတွင် ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

ဩဂုတ် ၂၀ ရက်၌ ဘဂ္ဂဒက်မှ နာဂျက်ဖ်သို့အသွား ပြန်ပေးဆွဲခံခဲ့ရသော သတင်းစာဆရာနှစ်ဦး၏ ကံကြမ္မာမှာ ဗုဒ္ဓဟူးနေ့အထိ ဆက်လက်ပြီး မရေမရာဖြစ်ခဲ့သည်။

ပြန်ပေးသမားများသည် ပြင်သစ်သတင်းစာဆရာနှစ်ဦးအား လွှတ်ပေးရေးအတွက် ၎င်းတို့၏တောင်းဆိုချက်များကို ပြင်သစ်အစိုးရက ဖြည့်ဆည်းပေးရန် ၄၈ နာရီ အချိန်ပေးထားခဲ့သည်။ ပြင်သစ်ရှိ ကျောင်းများတွင် ခေါင်းစည်းပဝါစည်းခွင့်ကို ပိတ်ပင်ထားရာ ထိုပိတ်ပင်ချက်အား ဖျက်သိမ်းပေးရမည်ဟု တောင်းဆိုထားသည်။

ပြင်သစ်အစိုးရက ပြန်ပေးသမားတို့၏ တောင်းဆိုချက်ကို အရေးမစိုက်သဖြင့် အင်္ဂါနေ့ညအထိ ၂၄ နာရီ တိုးချဲ့ပေးခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် မော်တော် ယာဉ် များ ပျက်စီးနေသည်ကို စက်တင်ဘာ ၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ- အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီရတ်ကြားဖြတ်အစိုးရ ညီလာခံဖွင့်ပွဲကျင်းပရာနေရာအနီး ပေါက်ကွဲမှုဖြစ်ပွား

ဘဂ္ဂဒက် စက်တင်ဘာ ၂

အီရတ်ကြားဖြတ်အစိုးရ ညီလာခံဖွင့်ပွဲကျင်းပမည့် နေရာအနီး၌ ပေါက်ကွဲသံငါးခုကို ဗုဒ္ဓဟူးနေ့က ကြားခဲ့ရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောသည်။

ယင်းပေါက်ကွဲမှုကြောင့် အစိမ်းရောင်နယ်မြေအတွင်း စုရုံးရောက်ရှိခဲ့ကြသည့် လွှတ်တော်အမတ်များ ချောက်ချားခဲ့ကြကြောင်း မျက်မြင်တွေ့သူများက ပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ရခြင်း အကြောင်းကို ရှင်းလင်းစွာမသိရှိရသော်လည်း လက်နက်ကိုင် ပြောက်ကျားများသည် အဆိုပါနယ်မြေကို စိန်ပြောင်းများဖြင့် ပုံမှန်ပစ်ခတ်လေ့ရှိသည်။

အဆိုပါ ပေါက်ကွဲမှုနှင့်ပတ်သက်၍ အီရတ်ပြည်ထဲရေးဝန်ကြီးက အသေးစိတ် ပြောကြားခြင်းမရှိပေ။

လွန်ခဲ့သည့်လ၌ အီရတ်နိုင်ငံတစ်ဝန်းမှ ကိုယ်စားလှယ် ၁၃၀၀ တို့သည် လွှတ်တော်ရွေးကောက်ပွဲအတွက် တွေ့ဆုံခဲ့ချိန်ကလည်း လက်နက်ကိုင်ပြောက်ကျားများက စည်းဝေးရာ နေရာသို့ စိန်ပြောင်းများဖြင့် ပစ်ခတ်ခဲ့သဖြင့် အနီးရှိ အရပ်သားနှစ်ဦးသေဆုံးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ဘဂ္ဂဒက်မြို့အနီး ရေနံပိုက်လိုင်းတစ်လိုင်း မီးလောင်လျက်ရှိရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး လုံခြုံရေးစောင့်ကြပ်နေသည်ကို စက်တင်ဘာ ၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

၂၀၀၇ခုနှစ်၌ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလွတ်လပ်စေရန် အာဆီယံစီးပွားရေးဝန်ကြီးများ ခိုင်မာသောအာမခံချက်ပေးမည်

ဂျကာတာ စက်တင်ဘာ ၂

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)ဝင် ၁၀ နိုင်ငံမှ စီးပွားရေးဝန်ကြီးများသည် ဂျကာတာမြို့၌ သုံးရက်ကြာ အစည်းအဝေးကျင်းပစဉ် ၂၀၀၇ ခုနှစ်၌ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု လွတ်လပ်စေရေး တွန်းအားပေးရန် ၎င်းတို့၏ ခိုင်မာသော အာမခံချက်ပေးမည်ဖြစ်ကြောင်း ဂျကာတာပို့စ်က ရေးသားလိုက်သည်။

(၃၆)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ(အေအီးအမ်)ညီလာခံသို့ စုစည်းတက်ရောက်လာသော ဝန်ကြီးများသည် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လွတ်လပ်စေခြင်းမှ အဓိကစီးပွားရေးကဏ္ဍ ၁၁ ခု၏ ထုတ်ကုန်များအား ယာယီထည့်သွင်းခြင်းမပြုရန်လည်း သဘောတူကြမည်ဖြစ်ကြောင်း အင်ဒိုနီးရှား စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ညွှန်ကြားရေးမှူး အီလီဇာဂျက်ဒ်ဂျာဂိုအက်ဂိုအက်က ပြောကြားသည်။

သဘောတူ

လွန်ခဲ့သည့်နှစ်က ဘာလီ၌ ခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးကျင်းပစဉ် ဒေသဆိုင်ရာအုပ်စုသည် အာဆီယံစီးပွားရေးအစုအဖွဲ့ကို ၂၀၂၀ ၌ ဖန်တီးရန် သဘောတူခဲ့ကြသည်။ ထိုအချိန်အခါ၌ လူသန်း ၅၀၀ ခန့်ရှိသော ဒေသအတွင်း လွတ်လပ်သော ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် အလုပ်သမားစီးဆင်းမှုရှိမည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အာဖဂန်အကျဉ်းသားသေဆုံးခဲ့မှု ကန်တပ်ကြပ်ကြီးအား တရားစွဲဆို

ဝါရှင်တန် စက်တင်ဘာ ၂

အမေရိကန်စစ်ဘက်ဆိုင်ရာက အာဖဂန်နစ္စတန်နိုင်ငံတွင် အကျဉ်းသားနှစ်ဦး ညှဉ်းပန်းနှိပ်စက်ခံရပြီး သေဆုံးခဲ့ရမှုဖြင့် တပ်ကြပ်ကြီးတစ်ဦးအား တရားစွဲဆိုလိုက်ပြီး ထိုအကျဉ်းသားနှစ်ဦးအား ညှဉ်းပန်းနှိပ်စက်ခံရပြီး သေဆုံးမှုဖြင့် အခြားတပ်ဖွဲ့ဝင်များကိုလည်း တရားစွဲဆိုရန် စုံစမ်းစစ်ဆေးသူများက စဉ်းစားနေကြောင်း စစ်ဘက်ဆိုင်ရာအရာရှိတစ်ဦးက ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

ကဘူးလ်မြို့ပြင်ရှိ ဘာဂရမ်လေတပ်အခြေစိုက်စခန်းတွင် ဒဏ်ရာများရရှိခဲ့ပြီးနောက် ထိုအကျဉ်းသားများသေဆုံးခဲ့မှုနှင့်ပတ်သက်၍ စစ်ဘက်ဆိုင်ရာရာဇဝတ်မှုများ စုံစမ်းစစ်ဆေးရေးဌာနချုပ်က ကာလကြာရှည်စွာ စုံစမ်းစစ်ဆေးမှုများသည် ပြီးဆုံးသွားပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောဆိုသည်။

အမ်အင်အေ၊ရိုက်တာ

အာဟာရကို ပြည့်ပြည့်စုံစုံလုံလုံလောက်လောက် စနစ်တကျစားသုံး စနစ်တကျစားသုံးခြင်းဖြင့် သက်တမ်းစေ့နေရသောဘဝရယူပိုင်ဆိုင်နိုင်

သတင်းဆောင်းပါး–စိန်ရွှေလှိုင်၊ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၄

နိုင်ငံတော်အစိုးရသည်တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို စွမ်းစွမ်းတမံကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ တိုးတက် အောင်မြင်လျက်ရှိသည်။ ကမ္ဘာ့အဆင့်မီ ခွဲစိတ်ကုသမှုဖြစ်သည့် အသည်းအစားထိုး ခွဲစိတ်ကုသမှုကြီး တစ်ရပ်ကို မြန်မာနိုင်ငံတွင် ပထမအကြိမ် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။

အသည်းအစားထိုးခွဲစိတ်ကုသခြင်းသည် ကမ္ဘာ့ဆေးပညာလောကတွင် ခက်ခဲနက်နဲသောဆေးပညာရပ်ဖြစ်၍ တစ်မျိုးသားလုံးအတွက်ဂုဏ်ယူဖွယ်ရာဖြစ်သည်။

နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသည့် လူမှုရေးဦးတည်ချက်လေးရပ်တွင် **'တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး'**ဟူသော ဦးတည်ချက်တစ်ရပ်လည်း ပါဝင်ရာ လူတိုင်း ကျန်းမာပျော်ရွှင် သက်တမ်းစေ့စွာ နေနိုင်ရေးသည် အဓိကကျသည်။ လူတိုင်း အာဟာရဖွံ့ဖြိုး ကျန်းမာရေးနှင့်အညီ နေထိုင်စားသောက်တတ်ရန်လည်း အရေးကြီးသည်။

ယခုအခါ ကျန်းမာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ပူးပေါင်း၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အခမ်းအနားများကို ရန်ကုန်မြို့တော်အပါအဝင် ပြည်နယ်၊ တိုင်းများတွင် စက်တင်ဘာ ၁ ရက်မှ စတင်၍ ၇ ရက်အထိ ကျင်းပလျက်ရှိသည်။ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ကို **'အာဟာရပြည့်လျှင် ရောဂါစင်၊ ပျော်ရွှင်ကျန်းမာစိတ် ချမ်းသာ'** ဟူသော ဆောင်ပုဒ်ဖြင့် မိသားစုတိုင်း အိုင်အိုဒင်းဆား စားသုံးရေး၊ အသက်ခြောက်လမှ ငါးနှစ်အောက်ကလေးများအား ဗီတာမင်အေဆေးလုံးတိုက်ရေး၊ အရွယ်ရောက်ပြီးသော အမျိုးသမီးများ သံဓာတ်အားဆေးမှီဝဲရေး၊ ကလေးငယ်များအား အာဟာရပြည့်ဝသည့်အစာများ စုံလင်စွာကျွေးမွေးရေးစသည်တို့ အသိပညာပေးရန် ဦးတည်ကျင်းပခြင်းဖြစ်သည်။

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားဆောင်ရွက်မှုနှင့် ပတ်သက်၍ အများပြည်သူများ သိရှိစေရန် မြန်မာ့အလင်းက ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး(အာဟာရ) ဒေါက်တာဦးလှကြည်နှင့် ဗဟိုကျန်းမာရေးပညာဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ကျော်တို့အား တွေ့ဆုံမေးမြန်းခဲ့သည်။

ရှေးဦးစွာ ဒုတိယညွှန်ကြားရေးမှူး(အာဟာရ)ဒေါက်တာ ဦးလှကြည်က "အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်ကို အိုင်အိုဒင်းဆားစားသုံးမှု အရှိန်အဟုန်မြှင့်တင်ရေး၊ ဗီတာမင်အေဆေးလုံးတိုက်ကျွေးမှု ဆက်လက်ထိန်းသိမ်းရေး၊ အရွယ်ရောက်ပြီး အမျိုးသမီးများ သံဓာတ်ဆေးပြားမှန်မှန်သောက်သုံးတဲ့ အလေ့အကျင့်ဖြစ်ရေး၊ ငါးနှစ်အောက်ကလေးများ အာဟာရပြည့်ဝတဲ့ အစားအစာများ စုံစုံလင်လင် ကျွေးမွေးတဲ့ အလေ့အထ ထွန်းကားရေး၊အသက်အရွယ်အလိုက်အာဟာရမျှမျှတတ စားတတ်ရေးတို့အတွက် လှုံ့ဆော်ပညာပေးတဲ့အနေနဲ့ ကျင်းပတာဖြစ်တယ်။

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ကို ၂၀၀၃ခုနှစ်က စတင်ကာ ပထမအကြိမ်ကျင်းပခဲ့ပြီး ယခု ၂၀၀၄ခုနှစ်မှာ ဒုတိယအကြိမ်ကျင်းပခြင်းဖြစ်တယ်၊ အိုင်အိုဒင်း ချို့တဲ့မှုကြောင့် လည်ပင်းကြီးရောဂါ၊ ဦးနှောက်ဉာဏ်ရည်ဖွံ့ဖြိုးမှု နည်းပါးမှုများကို ပပျောက်ကင်းစင်စေရန် ၁၉၉၉ခုနှစ်က စတင်ပြီး အိုင်အိုဒင်းဆား သုံးစွဲရေးကို လှုံ့ဆော် ဆောင်ရွက်ခဲ့ပါတယ်။

၂၀၀၁ခုနှစ်မှာ အိုင်အိုဒင်းဆား သုံးစွဲရေး တစ်နိုင်ငံလုံး ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့ပါတယ်၊ အိုင်အိုဒင်းဆား သုံးစွဲရေးနှင့် ဆက်စပ်ပြီး ဗီတာမင်အေ ဆေးလုံးတိုက်ရေး၊ သံဓာတ်ဆေးပြားမှီဝဲရေး၊ အာဟာရစုံစုံလင်လင် စားသုံးရေး စသည်ဖြင့် ပေါင်းစပ်ကာ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖြစ်ပေါ်လာတာပါ။

အဲဒီလိုဆောင်ရွက်ခဲ့လို့လဲ လည်ပင်းကြီးရောဂါဟာ ၁၉၉၄ခုနှစ်မှာ ၃၃ ရာခိုင်နှုန်းရှိခဲ့ရာက ၁၀နှစ်ကြာတဲ့အခါ ၂၀၀၄ခုနှစ်မှာ ၅ဒသမ ၅ ရာခိုင်နှုန်းသာရှိတော့တယ်၊ အိုင်အိုဒင်းဆားသုံးစွဲမှုများ ၁၉၉၄ခုနှစ်က ၁၈ရာခိုင်နှုန်းသာရှိခဲ့ရာက ၂၀၀၄ ခုနှစ်မှာ ၈၆ ရာခိုင်နှုန်းအထိ ရှိလာတဲ့အတွက် ၂၀၀၅ ခုနှစ်မှာ အိုင်အိုဒင်းချို့တဲ့မှုနှုန်းကို မြန်မာနိုင်ငံက လုံးဝကင်းစင်အောင်ဆောင်ရွက်ဖို့ ရည်မှန်းထားပါတယ်၊ လက်တစ်ကမ်းအလိုရောက်နေပြီးဖြစ်ရာပြည်သူများဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရင်း ရည်မှန်းချက်အောင်မြင်မှာ ဖြစ်ပါတယ်။

ကျောက်ရောဂါ၊ ပိုလီယိုရောဂါများဟာ ပျောက်သွားရင် ပြန်ပေါ်လာစရာမရှိပါဘူး၊ အာဟာရဖွံ့ဖြိုးရေးကတော့ အသိနှင့်နိုင်းယှဉ်ပြီး နေထိုင်စားသောက်သွားဖို့ လိုပါတယ်၊ သံဓာတ်ဆေးပြား တိုက်ကျွေးမှုကို စောစောကတည်းက စခဲ့တာပါ။

ဗဟုသုတနည်းတာရယ်၊ သောက်သုံးတဲ့အလေ့အကျင့်မရှိတာရယ်ကြောင့် အသေအပျောက်ရှိတယ်၊ မိခင်များဟာ ကျန်းမာရေးချို့တဲ့တယ်၊ ကလေးများ ပေါင်မပြည့်ဘဲ မွေးဖွားတယ်၊ ကိုယ်ဝန်ဆောင်များဟာ အာဟာရပြည့်တဲ့ အစားအသောက်များများစားရပါမယ်၊ ကိုယ်လွယ်ထားတဲ့ကလေးအတွက်ပါ နှစ်ယောက်စာ စားဖို့လိုပါတယ်၊ နို့တိုက်တဲ့ မိခင်များဟာ အာဟာရစုံစုံလင်လင် ပြည့်ပြည့်ဝဝစားမှ မိခင်လည်း နို့ထွက်များပြီး ကလေးလည်း ကျန်းမာပျော်ရွှင်မှာပါ။

"ကိုယ်ဝန်ဆောင်များဟာ အာဟာရပြည့်ဝတဲ့ အစားအသောက်များများ စားရပါမယ်၊ လွယ်ထားတဲ့ ကလေးအတွက်ပါ နှစ်ယောက်စာ စားဖို့ လိုပါတယ်၊ဒါမှမိခင်ရော ကလေးပါ ကျန်းမာ ပျော်ရွှင်မှာပါ။"

ဒေါက်တာ ဦးလှကြည် (ဒုတိယညွှန်ကြားရေးမှူး၊ အာဟာရ)။ ကျန်းမာရေးဦးစီးဌာန။

"ကလေးများ ဉာဏ်ရည် ဉာဏ်သွေး ဖွံ့ဖြိုးမှုနဲ့ သက်ရှည် ကျန်းမာဖို့၊ ရောဂါကြိုတင်ကာကွယ်ဖို့ နေ့စဉ်အစားအသောက်က အရေးအကြီးဆုံးပါ။ ကလေးများကို အာဟာရပြည့်ဝစွာကျွေးမွေးခြင်းဟာ အနာဂတ်အတွက် အုတ်မြစ်ချခြင်း ဖြစ်ပါတယ်။"

ဦးအောင်ကျော်ကျော် (လက်ထောက်ညွှန်ကြားရေးမှူး)။ ကျန်းမာရေးဦးစီးဌာန။

အိုင်အိုဒင်းချို့တဲ့ ကလေးငယ်များဟာ ဉာဏ်ရည် နိမ့်ကျပြီး စာမလိုက်နိုင်ဘဲရှိတယ်၊ အိုင်အိုဒင်းဆား မှန်မှန်ကန်ကန် မစားသုံးရင် မျိုးဆက်သစ် လူငယ်များ ဉာဏ်ရည်ဉာဏ်သွေး နိမ့်ကျမည်ဖြစ်ရာ ဆားထုတ်လုပ်သူ၊ ရောင်းဝယ်ဖောက်ကားသူများက အိုင်အိုဒင်းဆား ထုတ်လုပ်မှုနည်းဥပဒေများနှင့်အညီအရည်အသွေးပြည့်မီတဲ့ဆားများကို ထုတ်လုပ်သည်နှင့်အမျှ နိုင်ငံတော်၏ အနာဂတ်မျိုးဆက်သစ်များရဲ့ ပညာရည်မြင့်မားလာမည်ဖြစ်၍ စေတနာထားဆောင်ရွက်လုပ်ကိုင်ကြပါလို့ ပြောကြားလိုပါတယ်"ဟု ပြောကြားသည်။

ထို့နောက် ဗဟိုကျန်းမာရေး ပညာဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်ကျော်ကျော်က "အာဟာရပြည့်လျှင် ရောဂါစင်၊ ပျော်ရွှင်ကျန်းမာစိတ်ချမ်းသာ ဆောင်ပုဒ်ဖြင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်ကို ဗဟိုကနေရပ်ကွက်၊ ကျေးလက်အထိ ကျင်းပနေတာ မင်္ဂလာရှိပါတယ်၊ မြန်မာတို့ရဲ့ ရှေးအစဉ်အလာကတည်းက အစားအသောက်များဟာ အမယ်စုံပါတယ်၊ အာဟာရလည်းစုံပါတယ်။

ဓလေ့ထုံးစံအရ စားသောက်တဲ့ ငါးပိ၊ ပဲ၊ တို့စရာဟင်းသီးဟင်းရွက်၊ သား၊ ငါး၊ ဒေသထွက်အစားအစာ၊ မြေပဲယို၊ နှမ်းဆုပ်၊ ထန်းလျက်တို့ဟာ အာဟာရပြည့်တဲ့ အစားအစာများဖြစ်ပါတယ်၊ ဓလေ့ကောင်းဖို့ ကျန်းမာရေးအသိနှင့်ယှဉ်ပြီး ဆက်လက်ထိန်းသိမ်းစားသောက်သွားဖို့ လိုအပ်ပါတယ်။

လိုအပ်တဲ့ အိုင်အိုဒင်းဆား၊ ဗီတာမင်အေဆေး၊ သံဓာတ်အားဆေးများ အာဟာရပြည့်ဝအောင် တိုက်ကျွေးရေး ပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရပါမယ်၊ ကလေးများ အစာစားတဲ့အခါ အာဟာရမပြည့်ဝရင် အကျိုးမရှိပါဘူး၊ အစားအသောက်စနစ်တကျကျွေးရန် လိုအပ်ပါတယ်၊ မလိုအပ်ဘဲ စားသောက်ပါကလည်း ဆီးချို၊ နှလုံးရောဂါများ ဖြစ်တတ်ပါတယ်၊ စားတတ်မှလည်း ကျန်းမာရေးနဲ့ပြည့်စုံပြီး စိတ်သွားတိုင်းကိုယ်ပါ လိုရာဆန္ဒ ပြည့်မှာပါ။

ကလေးငယ်များ ဉာဏ်ရည်ဉာဏ်သွေး ဖွံ့ဖြိုးမှုနဲ့အသက်ရှင်ကျန်းမာဖို့၊ ရောဂါများ ကြိုတင်ကာကွယ်ဖို့ နေ့စဉ်အစားအသောက်များက အရေးကြီးပါတယ်၊ကလေးသူငယ်များကို အာဟာရပြည့်ဝစွာကျွေးမွေးခြင်းသည်အနာဂတ်အတွက် အုတ်မြစ်ချပေးခြင်းဖြစ်ပါတယ်" ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

ကျန်းမာကြံ့ခိုင်ရေး၊ သက်တမ်းစေ့အသက်ရှည်ရေးသည် လူသားတိုင်း လိုချင် တပ်မက်သည့်ဆန္ဒပင်ဖြစ်ရာ အာဟာရကို ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် စနစ်တကျစားသုံးခြင်းဖြင့် ချမ်းမြေ့ပျော်ရွှင် သက်တမ်းစေ့နေရသော လူ့ဘဝကို ရယူပိုင်ဆိုင်နိုင်ကြမည်ဖြစ်ပေသည်။ ။

(မြန်မာ့အလင်း)

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုဖွင့် အသိပညာပေးဆွေးနွေးပွဲအခမ်းအနားပြည်မြို့၌ကျင်းပ

ရန်ကုန် စက်တင်ဘာ ၄

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့တွင် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုဖွင့်ပွဲနှင့် အသိပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၃၁ ရက် နံနက် ၉ နာရီတွင် ဗိုလ်ချုပ်လမ်း မူယာပင်ရပ် သီရိခေတ္တရာရတနာမြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အနောက် ပိုင်းတိုင်းခွဲ) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သန်းလွင်နှင့် သမားတော်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ဒုတိယဗိုလ်မှူးကြီး အုန်းမြင့်က အမှာစကားပြောကြား သည်။ **(အပေါ်ပုံ)**

ထို့နောက် ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာလှလှက ကလေး ငယ်များအတွက် အရေးပါလှသော ဗီတာမင်–အေဓာတ်အကြောင်း သိကောင်း စရာများကို လည်းကောင်း၊ သားဖွားနှင့်မီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်လတ်က ကိုယ်ဝန်ဆောင် မိခင်လောင်းများအတွက် အရေးပါလှသော သံဓာတ်အကြောင်း သိကောင်းစရာများကိုလည်းကောင်း အသီးသီး ဟောပြောကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်တင်ဘာ ၄ ရက်က ရန်ကုန်တိုင်း အခြေခံပညာ အထက်တန်းအဆင့် ဒွါဒသမအကြိမ် (၁၂ကြိမ်)မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီး ပြိုင်ပွဲ အသက်(၅–၁၀)နှစ် အမျိုးသမီး အက ပြိုင်ပွဲတွင် မင်္ဂလာဒုံ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူ မကြည်နူးပွင့် ယှဉ်ပြိုင်စဉ်။

(သတင်းစဉ်)

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

* သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
* သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
* ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
* ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။

■ *ကျောဖုံးမှ*

မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စွမ်းအင်ဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်း၊ ကျောက်ဆည်ခရိုင်နှင့် မြို့နယ်များမှ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဘင်ခရာပန်းဖွားနှင့် ကျောက်ဆည်ဆင်အကအဖွဲ့များ၊ မော်တော်ယာဉ်ပိုင်ရှင်များ၊ ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ညွှန်ကြားရေးမှူးဦးမြင့်ငွေက Compressed Natural Gas (CNG) နှင့် စပ်လျဉ်း၍ သိရှိဖွယ်ရာများကို ရှင်းလင်းတင်ပြသည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ပလိပ်ရှိ စွမ်းအင် ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

ထို့ကြောင့် ယခုဆက်လက်တိုးချဲ့သုံးစွဲကြရာ၌ လွဲမှားမှုမရှိစေဘဲ စနစ်တကျယုံကြည်စိတ်ချစွာ သုံးစွဲကြရန်လိုကြောင်း၊ ကုန်ကျစရိတ်သက်သာသဖြင့် သယ်ယူပို့ဆောင်ခသက်သာလာသည်နှင့်အမျှ ကုန်ဈေးနှုန်းလည်း ကျဆင်းလာနိုင်သည့် အကျိုးဆက်ရရှိနိုင်ကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

အန္တရာယ်ကင်းစွာအသုံးပြုခဲ့

အင်းစိန်၊ မှော်ဘီ၊ ရေနံချောင်း၊ မင်းဘူးတို့၌ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များကို ၁၉၈၆ခုနှစ်မှစ၍ အသုံးပြုခဲ့ရာ မော်တော်ယာဉ်စီးရေ ၅၈၇စီးအထိ အန္တရာယ်ကင်းရှင်းစွာ အသုံးပြုခဲ့ပြီးဖြစ်သည်။

သဘာဝဓာတ်ငွေ့ကိုအသုံးပြုခြင်းဖြင့် မော်တော်ယာဉ်အင်ဂျင်ကို ထိခိုက်မှုလည်းမရှိကြောင်း တွေ့ရသည်။

ထို့ပြင် ဈေးနှုန်းကြီးသော ဓာတ်ဆီ၊ ဒီဇယ်ဆီများကို ချွေတာနိုင်ပြီး ပြည်တွင်းမှထွက်ရှိသည့် ဈေးနှုန်းများစွာ သက်သာသော သဘာဝဓာတ်ငွေ့ကို အကျိုးရှိစွာ အသုံးပြုနိုင်သဖြင့် ပို့ဆောင်စရိတ် သက်သာမည်ဖြစ်သည်။ သဘာဝဓာတ်ငွေ့ကို အသုံးပြုခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကိုလည်း ဖြစ်ပွားစေခြင်းမရှိသည်ကို တွေ့ရှိရသည်။ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်များကို ရန်ကုန်မြို့၌နှစ်ဆိုင်၊ ရေနံချောင်းမြို့၌ နှစ်ဆိုင်နှင့် ချောက်မြို့၌တစ်ဆိုင် ဖွင့်လှစ်ထားရှိပြီးဖြစ်သည်။

ထို့နောက် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်နှင့် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီတို့က မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် အရောင်းဆိုင်ဝင်းအတွင်းရှိ ဖိအားမြှင့်စက်နှင့် လေသိုလှောင်သည့် ဆလင်ဒါအိုးများ စနစ်တကျထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

သဘာဝဓာတ်ငွေ့လုံလောက်

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် သဘာဝဓာတ်ငွေ့ဖြည့်သည့် Filling Point နှစ်ခုနှင့် ကျောက်ဆည်-မန္တလေးခရီးသည်တင် ကားတစ်စီးအား သဘာဝဓာတ်ငွေ့စတင်ဖြည့်ပေးမှုကို ကြည့်ရှုစစ်ဆေး၍ ဒေသခံယာဉ် ပိုင်ရှင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး မိမိတို့နိုင်ငံ၏ ကုန်းတွင်းပိုင်း သဘာဝဓာတ်ငွေ့မြေများမှပင် မော်တော်ယာဉ်များ၌ သုံးစွဲနိုင်သည့် သဘာဝဓာတ်ငွေ့ အလုံအလောက် ထွက်ရှိကြောင်း။

ထိခိုက်မှုမရှိနိုင်

သမားရိုးကျဓာတ်ဆီ၊ ဒီဇယ်ဆီသုံးစွဲရာမှ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် မိမိတို့ ပြောင်းလဲသုံးစွဲခဲ့ရာ နှစ်ကာလကြာမြင့်ခဲ့ပြီဖြစ်၍ မော်တော်ယာဉ်များ၌ သဘာဝဓာတ်ငွေ့အသုံးပြု မောင်းနှင်ခြင်းသည် အသစ်အဆန်းမဟုတ်တော့ကြောင်း၊ စိတ်ချရမှု၊ ဘေးအန္တရာယ်ကင်းမှု၊ အင်ဂျင်ကိုပါ ထိခိုက်မှုမရှိနိုင်သည်တို့ကို လက်တွေ့ကျကျ မိမိတို့သိရှိခဲ့ပြီးဖြစ်ကြောင်း။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မန္တလေးတိုင်း ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းမကြီးပေါ် ပလိပ်ရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း၏ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင် ဖွင့်ပွဲအခမ်းအနားတွင် အရောင်းဆိုင်ဝင်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းမကြီးပေါ် ပလိပ်ရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝ ဓာတ်ငွေ့ လုပ်ငန်း၏ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်ကို ဖဲကြိုးဖြတ် မဖွင့်လှစ်မီတွေ့ရစဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း သဘာဝဓာတ်ငွေ့ဖြည့်သည့် Filling Point နှစ်ခုဖြင့် ကျောက်ဆည်-မန္တလေး ခရီးသည်တင်ကားတစ်စီးအား သဘာဝဓာတ်ငွေ့စတင်ဖြည့်ပေးမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံယာဉ်ပိုင်ရှင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပလိပ်ရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ဆိုင်တွင် မော်တော်ယာဉ်နှစ်စီးတစ်ပြိုင်တည်း သဘာဝဓာတ်ငွေ့ဖြည့်နိုင်သည့် Filling Point နှစ်ခု တပ်ဆင်ထားပြီး မော်တော်ယာဉ်တစ်စီး သဘာဝဓာတ်ငွေ့ဖြည့်ချိန်မှာ ငါးမိနစ်ခန့်သာကြာမြင့်မည်ဖြစ်သည်။ ကျောက်ဆည်ခရိုင်အတွင်း သဘာဝ ဓာတ်ငွေ့သုံးမော်တော်ယာဉ်အဖြစ် ယာဉ် ၃၅စီးကို စတင်ပြောင်းလဲထားပြီးဖြစ်သည်။ ထပ်မံ၍ ၁၆၅စီးကို သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲသွားရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်သည်။

တိုးချဲ့သွားမည်

ရန်ကုန်မြို့တော်ရှိ မော်တော်ယာဉ်များအပါအဝင် အခြားမြို့ကြီးများ၌လည်း သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် တစ်ဆင့်ပြီး တစ်ဆင့် တိုးချဲ့ပြုပြင်အသုံးပြုသွားရန် စီမံဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

ကန်တော်ကြီးသဘာဝဥယျာဉ်ကြီး မပျက်မယွင်းစေဘဲ ရေရှည်တည်တံ့အောင် အလေးထား လှပရှုချင်စဖွယ်ဖြစ်အောင် ရာသီအလိုက် ဖူးပွင့်သည့် ပန်းမန်များ ဖြည့်စွက်စိုက်ပျိုး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စိုက်ပျိုးရေးပြတိုက်အတွင်း ခင်းကျင်းပြသမည့် စိုက်ပျိုးရေးဆိုင်ရာ ပညာပေးပြခန်း ပြကွက်များ ခင်းကျင်းပြင်ဆင်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

ရန်ကုန်မြို့ ကန်တော်ကြီးသဘာဝဥယျာဉ်ဘက်စုံအဆင့်မြင့်တည်ဆောက်ရေး လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးကို မွန်းလွဲ၂နာရီ၄၅မိနစ်တွင် ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ်ရှိ စိုက်ပျိုးရေးပြတိုက်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ဆွေးနွေးမှာကြားသည်။

အစည်းအဝေးသို့ ရန်ကုန်မြို့ ကန်တော်ကြီးသဘာဝဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်မြို့ ကန်တော်ကြီး သဘာဝဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော် ကန်တော်ကြီး သဘာဝဥယျာဉ် ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်သည့် Education Zone၊ Central Symbol Zone၊ Relaxation Zone နှင့် Recreation Zone များအတွင်း လုပ်ငန်းများ အဆင့်မြင့်တည်ဆောက်မှု လုပ်ငန်းများကို ပဏာမ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က Education Zone အတွင်း စိုက်ပျိုးရေးဆိုင်ရာ ပညာပေးပြကွက် ကိုးခု၊ စိုက်ပျိုးရေးပြတိုက်နှင့် စိုက်ပျိုးရေးအရောင်းဆိုင်များ ရာခိုင်နှုန်းပြည့် တည်ဆောက်ပြီးစီးမှု၊ စိုက်ပျိုးရေးဆိုင်ရာ ပညာပေးသင်တန်းများ ပို့ချဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက Education Zone အတွင်း Fresh Water Fish Garden တည်ဆောက်ရေး လုပ်ငန်းများနှင့် ပြီးစီးပါက ရေချို၊ ရေငန် အလှမွေးငါးများ မွေးမြူနိုင်ရေး ကြိုတင်စီမံဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

မျှော်စင်တည်ဆောက်မှုတင်ပြ

ဆက်လက်၍ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက Central Symbol Zone အတွင်း ဝင်ပေါက်ဂိတ် တည်ဆောက်ရေးလုပ်ငန်းပြီးစီးမှု၊ သဘာဝရှားပါးသစ်ပင်နှင့် ရာသီအလိုက်ဖူးပွင့်သည့် သစ်ပင်မျိုးစုံများ ထပ်မံစိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ အခြေအနေကိုလည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက ဟိုတယ်နှင့် စားသောက်ဆိုင်များအား အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုနှင့် ရွှေ့ပြောင်းရေးလုပ်ငန်းများပြီးစီးမှု အခြေအနေနှင့် စားသောက်ဆိုင်များ ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက Recreation Zone အတွင်း ဆက်သွယ်မည့် Timber Walk Way

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ရန်ကုန်မြို့ ကန်တော်ကြီး သဘာဝဥယျာဉ်အဆင့်မြင့်တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်

ရန်ကုန် စက်တင်ဘာ ၄

ယနေ့ နံနက် ၉နာရီခွဲအထိ မိုးလေဝသ တိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့၌ နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေအားနည်းနေကြောင်း သိရသည်။

စက်တင်ဘာ ၅ရက်ညနေအထိ ခန့်မှန်းချက်အရ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်တို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပြီး မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(မြန်မာ့အလင်း)**

ဒဂုံအထက(၁) အာစရိယပူဇော်ပွဲ

ရန်ကုန် စက်တင်ဘာ ၄

၂၀၀၃-၂၀၀၄ ပညာသင်နှစ်တွင် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို စက်တင်ဘာ ၁၂ ရက်တွင် ကျင်းပမည့်အစား စက်တင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်၍ စာမေးပွဲ အောင်မြင်ကြသည့် ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် စက်တင်ဘာ ၂၀ ရက်နောက်ဆုံးထားပြီး အာစရိယ ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၅-၉-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကတောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကရေ မွေ့ဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၀၅ ၇။ အဆိုပြိုင်ပွဲ
- ၈:၁၅ ၈။ ဆွာချောင်းရေလှောင်တမံ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Say it in English
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"** (အပိုင်း-၂၄)
- ၁၂:၀၅ ၅။ ထာဝရအလှူ ကုသိုလ်ယူ
- ၁၂:၂၀ ၆။ မြန်မာရုပ်ရှင် **"ဘယ်သူပြိုင်လို့လုပါတော့နိုင်"** ဇော်ဝမ်း၊ ဝင်းလှိုင်၊ တင်တင်ညို၊ တင်တင်လှ (ဒါရိုက်တာ-ဦးသုခ)
- ၁၄:၄၅ ၇။ International News
- ၁၅:၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၀ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
- ၁၆:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ) (သတ္တဗေဒ)
- ၁၇:၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၁၇:၂၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
- ၁၇:၃၀ ၈။ တေးဂီတအစီအစဉ်
- ၁၇:၄၅ ၉။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
- ၁၇:၅၅ ၁၀။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၃၀ ၁၁။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့လင်းပိုင်ငယ်"** (အပိုင်း-၁၂)
- ၁၉:၃၅ ၁၄။ ကျေးလက်ဒေသတစ်ခွင်အလှဆင်
- ၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှလုံးသားထဲက တစ်ခုတည်းသောအချစ်"** (အပိုင်း-၂၂)
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

တည်ဆောက်နေမှု၊ Rock Garden နှင့် ပုပ္ပါးတောင်မျှော်စင် တည်ဆောက်နေမှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးညီလှငယ်က တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးစစ်ဆေးထိန်းသိမ်းရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အပန်းဖြေကစားနိုင်ရေး

ဆက်လက်၍ ဟိုတယ်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက Recreation Zone အတွင်းပါဝင်သည့် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ မိသားစုအလိုက် ကလေးငယ်များ ပျော်ရွှင်စွာ အပန်းဖြေကစားနိုင်ရန် စီစဉ်ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများကဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆွေးနွေးတင်ပြချက်များနှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် ရန်ကုန်မြို့တော် ကန်တော်ကြီး သဘာဝဥယျာဉ် ဘက်စုံ အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်မှုကြောင့် ယခုအခါ လုပ်ငန်းများ အတော်အတန် ပြီးပြည့်စုံနေပြီဖြစ်ကြောင်း၊ လုပ်ငန်းများ အပြီးသတ် အချိန်မီပြီးစီးရေးအတွက် လုပ်ငန်းစီမံချက်ပါအတိုင်း ဆက်လက်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

ပန်းမန်စိုက်ပျိုး

ကန်တော်ကြီး သဘာဝ ဥယျာဉ် ပတ်ဝန်းကျင်ကို မပျက်ယွင်းစေဘဲ သဘာဝ သစ်ပင်၊ သစ်တောများ၊ ရာသီအလိုက် ဖူးပွင့်ကြသည့် ပန်းမန်များဖြင့် လှပရှုချင်စဖွယ် ဖြစ်အောင် ဖြည့်စွက် စိုက်ပျိုးသင့်သည့် သစ်ပင်၊ ပန်းမန်များကို ဖြည့်စွက်စိုက်ပျိုးသွားရန်လိုကြောင်း။

ကန်တော်ကြီးရေပြင် သန့်ရှင်းရေး၊ ကန်တော်ကြီးအတွင်း ရေဝင်မှု တိုးမြှင့်သိုလှောင်နိုင်ရေး၊ တန်ဖိုးကြီးမားလှသည့် ကန်တော်ကြီးသဘာဝဥယျာဉ်ကြီး မပျက်မယွင်းစေဘဲ ရေရှည်တည်တံ့အောင် သက်ဆိုင်ရာ တာဝန်ရှိသူ အားလုံးက အလေးထားပြီး ထိန်းသိမ်း စောင့်ရှောက်သွားကြရန် လိုကြောင်း။

ရေရှည်တည်တံ့ရေး

ကန်တော်ကြီးသဘာဝဥယျာဉ်ကြီးကို ပြည်သူများ၊ ပြည်ပမှ ဧည့်သည်များ၊ လေ့လာသူများ၊ စိတ်အေးချမ်းသာစွာ အပန်းဖြေ အနားယူရုံသာမက ဗဟုသုတပညာရှာဖွေနိုင်သည့် သဘာဝဥယျာဉ်ကြီးတစ်ခုအဖြစ် အဆင့်မြင့်မြင့် ဖွင့်လှစ်ပြသနိုင်ရေးအတွက် ဌာနဆိုင်ရာအားလုံးက ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားကြရေး၊ တည်ဆောက်ပြီး ကန်တော်ကြီး သဘာဝဥယျာဉ် အဆင့်မြင့်လုပ်ငန်းများကို ရေရှည် တည်တံ့နေရေးအတွက် ပြုပြင်ထိန်းသိမ်းမှုများကို စဉ်ဆက်မပြတ် ဆက်လက်ထိန်းသိမ်း စောင့်ရှောက်သွားကြရေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကန်တော်ကြီးဥယျာဉ်အတွင်း တည်ဆောက်မည့် Conference Hall ပုံစံငယ်နှင့် စိုက်ပျိုးရေးပြတိုက်အတွင်း ခင်းကျင်းပြသမည့် စိုက်ပျိုးရေးဆိုင်ရာ ပညာပေးပြခန်း ပြကွက်များ၊ ခင်းကျင်းပြင်ဆင်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင် အဆင့်မြှင့်တင်တည်ဆောက်မှု လုပ်ငန်းများဖြစ်သော Relaxation Z one တွင် ပါဝင်သည့် Elephant Plaza တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း၊ Education Zone တွင်ပါဝင်သည့် ပန်းမန်၊ သစ်ပင်၊ ပျိုးပင်အရောင်းဆိုင်များ၊ စိုက်ပျိုးရေးပညာပေးဆိုင်ရာ ပြကွက်များကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် Recreation Zone အတွင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်နေသည့် ရေချိုငါး ပြတိုက်တည်ဆောက်နေမှု၊ Fresh Water Fish Garden အတွင်း ပြကွင်း ပြကွက် ၂၃ ခု တည်ဆောက်နေမှုကိုလည်းကောင်း၊ Relaxation Zone အတွင်း Rock Garden တည်ဆောက်နေမှုနှင့် ပုပ္ပားတောင်မျှော်စင် တည်ဆောက်နေမှုတို့ကိုလည်းကောင်း၊ Recreation Zone အတွင်း Water Fall ၊ မြန်မာမှုပစ္စည်းအရောင်းဆိုင်ခန်းများနှင့် Berbeque Garden တည်ဆောက်ခြင်း လုပ်ငန်းများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့သည် ပါရမီခုံးကျော်တံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ယာယီရှင်းလင်းခန်းမ၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက ပါရမီခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းပြီးစီးမှု အခြေအနေတို့နှင့် အပြီးသတ် အချောထည်တည်ဆောက်မှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားပြီး ပါရမီခုံးကျော်တံတား တည်ဆောက်ပြီးစီးမှု၊ တံတားကြမ်းခင်း ကွန်ကရစ်လောင်းခြင်း လုပ်ငန်းပြီးစီးမှု၊ ပင်မတံတားချဉ်းကပ်လမ်း၊ လူသွားစင်္ကြံလမ်းနှင့် နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူတို့အား မှာကြားသည်။

၉၀ ရာခိုင်နှုန်းပြီးစီး

ယခုအခါ ပါရမီ ခုံးကျော်တံတား တည်ဆောက်မှုလုပ်ငန်းမှာ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးသို့ ရောက်ရှိကြရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မဟာပါသာဏလိုဏ်ဂူတော်ကြီး အဆင့်မြင့်ပြုပြင်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မဟာပါသာဏလိုဏ်ဂူတော်အတွင်း၌ ပြသထားသည့် ပင်လုံမြို့ မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ရတနာသပိတ်တော်နှင့် ငှက်မြတ်နားတော် နမူနာပုံစံကားချပ်များကို ကြည့်ရှုရာ မြန်မာမှု ပညာရှင် ဦးအုန်းတင်က ရှင်းလင်းပြသသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မဟာပါသာဏလိုဏ်ဂူ အဝင်မုခ်ဦး တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ညနေ ၆ နာရီတွင် မဟာပါသာဏလိုဏ်ဂူတော်မှ ပြန်လည် ထွက်ခွာသွားသည်။ **(သတင်းစဉ်)**



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း အဆင့်မြင့်ပြုပြင်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရဝန်ထမ်းသားသမီးများ ဆုချီးမြှင့်ပွဲ သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အားပေး

ရန်ကုန် စက်တင်ဘာ ၄

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယနေ့ နေ့လယ်ပိုင်းတွင် သစ်တောဦးစီးဌာန(ရုံးချုပ်)ရှိ တော်ဝင်ခန်းမ၌ ကျင်းပသော ၂၀၀၃-၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူး များဖြင့်အောင်မြင်ခဲ့ကြသော သစ်တောရေးရာဝန်ကြီးဌာန လုပ်ငန်း/ဦးစီးဌာနများမှ ဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုချီးမြှင့်ပွဲသို့ တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများ၊ကျောင်းသားမိဘများ၊ ဆရာ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဝန်ကြီး **(အောက်ပုံ)**က ခြောက်ဘာသာဂုဏ်ထူးရှင်များဖြစ်ကြသော မိကွန်ချမ်း၊ မသီဟဆုရည်ဝင်းနှင့် မသက်ဝါစိုးတို့အား ဂုဏ်ပြုဆုငွေနှင့် မှတ်တမ်းလွှာများ ပေးအပ်ပြီး ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ထူးရှင်

၂၀၀၃-၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ထမ်းများ၏ သားသမီးများမှ ခြောက်ဘာသာဂုဏ်ထူး သုံးဦး၊ ငါးဘာသာဂုဏ်ထူး ခုနစ်ဦး၊ လေးဘာသာဂုဏ်ထူး ၁၀ ဦး၊ သုံးဘာသာဂုဏ်ထူး ၁၂ ဦးတို့ ထူးချွန်စွာ အောင်မြင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



● *ကျောဖုံးမှ*

ရှင်းလင်းတင်ပြ

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအနေဖြင့် ကျင်းပပြီးစီးခဲ့သော အမျိုးသားညီလာခံမှ ကိုယ်စားလှယ်အစုအဖွဲ့များ၏ စာတမ်းများအပေါ် သဘာပတိအဖွဲ့၏ သုံးသပ်ချက်များပြုစုရေးနှင့် အမျိုးသားညီလာခံသမိုင်း ပြုစုရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေ၊ လာမည့် အမျိုးသားညီလာခံကြီးတွင် လုပ်ငန်းကော်မတီက တင်ပြမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အမျိုးသားညီလာခံကျင်းပသည့် ညောင်နှစ်ပင်စခန်းရှိ အဆောက်အအုံများ ပြုပြင်မွမ်းမံပြီးစီးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးတွင် သဘာပတိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အကြံပြုဆွေးနွေး

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အစည်းအဝေးတက်ရောက်လာကြသော အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်အဖွဲ့ဝင်များက လိုအပ်သည်များကို အကြံပြုဆွေးနွေးကြသည်။

ထို့နောက် အစည်းအဝေးသဘာပတိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က နိဂုံးချုပ် အမှာစကားပြောကြားပြီး အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံစာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများ

အောင်ကြည်ညွန့် (တက္ကသိုလ်)

ပုဂံခေတ်ကပင် မြန်မာနိုင်ငံတွင် ဘုန်းတော်ကြီးကျောင်းများက ကျေးရွာလူထုကို စာပေသင်ကြားပို့ချပေးခဲ့သဖြင့် စာပေကျွမ်းကျင် တတ်မြောက်ခဲ့ကြသည်။

၁၈၈၅-၈၆ ခုနှစ် တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး မြန်မာနိုင်ငံသည် အင်္ဂလိပ်နယ်ချဲ့၏ အုပ်စိုးမှုကို ခံခဲ့ရသဖြင့် ပြည်သူများအတွင်း စာမတတ်မှု အမွေဆိုးများကို နှစ်ပေါင်းရာကျော် ခံစားခဲ့ကြရသည်။ ၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရသည်နှင့် ပြည်သူလူထုတစ်ရပ်လုံး စာတတ်မြောက်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ပညာရေးမှတ်တမ်းများအရ လွတ်လပ်ရေးရပြီးစ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ စာတတ်မြောက်နှုန်းသည် ၃၅ ရာခိုင်နှုန်းသာရှိသည်။ ထို့ကြောင့် စာတတ်မြောက်မှု လုပ်ငန်းများအား ဘဝသစ်ဖန်တီးမှုစီမံကိန်းများအရ 'လူထုပညာရေး'ကို စတင်အကောင်အထည်ဖော်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

တော်လှန်ရေးကောင်စီ အစိုးရလက်ထက် ၁၉၆၄ ခုနှစ်၌ ဆရာအတတ်သင်ကျောင်းများဆိုင်ရာ အထူးအရာရှိ ဆရာကြီးဦးသံဗျင်၏ ကြီးကြပ် စီစဉ်မှုဖြင့် မိတ္ထီလာခရိုင် အရှေ့စံပြကျေးရွာတွင် ကံဘဲ့ဆရာ အတတ်သင် သင်တန်းမှ သင်တန်းသား လေးဦးဖြစ်ကြသည့် အလယ်တန်း ဆရာဖြစ် သင်တန်းသား မောင်သန်းရှိန်နှင့် မူလတန်းဆရာဖြစ်သင်တန်းသား မောင်စန်းမောင်၊ မောင်အောင်သန်းနှင့် မောင်သိန်းတို့က ကျေးရွာအတွင်းရှိ စာမတတ် သူများကို တစ်လတာမျှ အချိန်ယူကာ စာသင်ကြားပေးခဲ့သည်မှစ၍ **အရေး၊ အဖတ်၊ အတွက်**ဟူသည့် **'အ'သုံးလုံးကျေ၊**သို့မဟုတ် စာမတတ်သူ ပပျောက်ရေးကို စတင်စမ်းသပ် ဆောင်ရွက်ခဲ့သည်။

ပညာရေးဝန်ကြီးဌာနကကြီးမှူး၍ အသုံးလုံးကျေ ကြီးကြပ်ညှိနှိုင်းရေး ဗဟိုကော်မတီကို ဖွဲ့စည်းပြီးနောက် ၁၉၆၉ ခုနှစ်တွင် မိတ္ထီလာခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်က အစပြုပြီး စမ်းသပ်ဆောင်ရွက်ခဲ့ရာ မိတ္ထီလာခရိုင်လုံးကျွတ် စာတတ်မြောက်ရေးအောင်ပွဲကို မလှိုင်မြို့နယ် လယ်ကိုင်းကျေးရွာတွင် ပထမဦးဆုံး ကျင်းပနိုင်ခဲ့သည်။

ထိုအချိန်မှအစပြုပြီး စာတတ်မြောက်မှု အောင်ပွဲများကို ခရိုင်လုံးကျွတ်၊ ပြည်နယ်လုံးကျွတ် အောင်ပွဲများ ဆင်နွှဲနိုင်ခဲ့ပြီး စာမတတ်သူ ပြည်သူလူထု ဦးရေသန်းနှင့်ချီ၍ စာတတ်မြောက်ခဲ့ကြသည်။ ၁၉၆၆-၁၉၈၈ ခုနှစ်များအတွင်း ၂၂၅ မြို့နယ်တွင် သက်ကြီးစာတတ်မြောက်မှုနှုန်းမှာ ၈၀ဒသမ၀၄ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။

ပြည်သူလူထုအတွင်း စည်းရုံးဆောင်ရွက်ခဲ့သည့် စေတနာပညာဒါန လုပ်ငန်းများ အရှိန်အဟုန်ဖြင့် အောင်မြင်လာခဲ့သဖြင့် ၁၉၇၁ ခုနှစ်တွင် ယူနက်စကိုအဖွဲ့ချုပ်က ချီးမြှင့်သော မိုဟာမက်ရီဇာပလာဗီဆုနှင့် ၁၉၈၃ခုနှစ်တွင် နိုမာဆုများကို မြန်မာနိုင်ငံက ဆွတ်ခူးရရှိခဲ့သည်။

မြန်မာနိုင်ငံ စာတတ်မြောက်ရေး ဆောင်ရွက်မှုလုပ်ငန်းကြီး အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရန်အတွက် ယူနက်စကို၊ ယူနီဆက်နှင့် မိတ်ဆွေနိုင်ငံများက စာရွက်စာတမ်း၊ ပုံနှိပ်စက်၊ ပုံနှိပ်ပစ္စည်း၊ စာရေးကိရိယာများကို ပေးပို့လှူဒါန်းကူညီခဲ့သည်။

စာတတ်မြောက်ရေး ဗဟိုကော်မတီသည် စာတတ်လာသော သက်ကြီးများအတွက် စာဆက်ဖတ်နိုင်ရန် စာဖတ်ဝိုင်းများ၊ စာကြည့်တိုက်များကို ထူထောင်ပေးသကဲ့သို့ စာဖတ်ရှိန်မြှင့်တင်ရေး စာစဉ်(၁၁) မျိုးကို တစ်မျိုးလျှင် စုစုပေါင်း ၁၁ သိန်း ပုံနှိပ်ထုတ်ဝေပြီး စာသင်ဝိုင်း၊ စာဖတ်ဝိုင်း၊ စာဖတ်ခန်းနှင့် ကျေးရွာစာကြည့်တိုက်များသို့ ဖြန့်ဝေပေးခဲ့သည်။

၁၉၉၀ ပြည့်နှစ်တွင် ထိုင်းနိုင်ငံဂျွန်တီယံမြို့၌ စာတတ်မြောက်ရေးဆိုင်ရာ ကမ္ဘာ့ညီလာခံကြီးကို ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပြီးနောက် ညီလာခံကချမှတ်ပေးလိုက်သည့် လူတိုင်းအတွက် ပညာရေး Education for All ဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ကျောင်းပြင်ပပညာရေး Non-formal Education ဟူသော ဝေါဟာရသည် ထိုအချိန်မှစ၍ ခေတ်စားလာခဲ့သည်။ ကျောင်းပြင်ပ ပညာရေးသည် ကျောင်းပညာရေးစနစ်(တန်းစဉ်တက်ပညာရေး) ပြင်ပတွင် စနစ်တကျ ပညာပေးသည့် နည်းစဉ်ဖြစ်ပြီး ကျောင်းပညာရေးကဲ့သို့ တင်းကျပ်သည့်အကန့်အသတ်များ မရှိရုံမျှမက ငွေကြေးကုန်ကျမှုသက်သာပြီး ထိရောက်သည့် ပညာရယူနည်းတစ်ခုဟု ဆိုနိုင်သည်။

ကျောင်းပြင်ပ ပညာရေးသည် ယခင်ကအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် စာတတ်မြောက်ရေးလုပ်ငန်း(အသုံးလုံး)နှင့်အသွင်တူသည်ဟုထင်ရသော်လည်း ကွဲပြားခြားနားမှုရှိသည်ကို လေ့လာတွေ့ရှိရသည်။ ကျောင်းပြင်ပပညာရေး၏ ရည်မှန်းချက်ပန်းတိုင်မှာ အရေး၊ အဖတ်၊ အတွက်သာ သင်ပြီး ရပ်တန့်သွားမည်မဟုတ်ဘဲ စဉ်ဆက်ပညာရေး Continuing Education ဟုခေါ်သည့် ပညာဆက်လက်ဆည်းပူးရမည့် ရှေ့လုပ်ငန်းစဉ်များ အစီအရီရှိနေသည်။ စဉ်ဆက်ပညာရေးအစီအစဉ်တွင် **'အရေး၊ အဖတ်၊ အတွက်'** အခြေခံစာတတ်မြောက်ရေး ပြီးဆုံးသူများအတွက် စာဖတ်ရှိန်မြှင့်တင်ရေးအစီအစဉ်၊ ဝင်ငွေတိုးပွားရေးအစီအစဉ်၊ ဘဝသာယာရေးအစီအစဉ်၊ တစ်ဦးချင်းဝါသနာပါရာ လုပ်ငန်းအစီအစဉ်၊ အနာဂတ်ဦးတည်ပညာရေးအစီအစဉ်၊ ကျောင်းတွင်း ပညာရေးနှင့်တန်းညှိအစီအစဉ်များသည် စာတတ်မြောက်ပြီးခါစ သက်ကြီးများအတွက် ဖြည့်ဆည်းအကောင်အထည်ဖော်ရမည့် လုပ်ငန်းလမ်းသွယ်များ ဖြစ်ကြသည်။

စဉ်ဆက်ပညာရေးလုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ရန် စာတတ်မြောက်ပြီးသက်ကြီးများအတွက် မိမိဘဝဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ရပ်ရွာဖွံ့ဖြိုးတိုးတက်မှုများကိုပါ တစ်ပါတည်းကြိုးပမ်းဆောင်ရွက်နိုင်ရန် ရပ်ရွာပညာပဒေသာဌာနများ Community Learning Centreကို ထူထောင်ဖွင့်လှစ်ဆောင်ရွက်နေပြီဖြစ်ရာ နိုင်ငံတစ်ဝန်းလုံးတွင် ရပ်ရွာပညာပဒေသာ ဌာနပေါင်း ၈၅၅ခု တည်ထောင် ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်သည်။

ယခင်က မြန်မာနိုင်ငံစာတတ်မြောက်ရေး လုပ်ငန်းများကို ဖြည့်ဆည်းကူညီပေးခဲ့သည့် ယူနက်စကို၊ ယူနီဆက်တို့နည်းတူ စာတတ်မြောက်ရေးဆိုင်ရာ လုပ်ငန်းများနှင့် သင်ယူသင်ကြားရေးပစ္စည်းများ ထုတ်လုပ်ရန် အာရှနှင့်ပစိဖိတ်ဆိုင်ရာ ယဉ်ကျေးမှုဌာန ACCU နှင့် ယူနက်စကို(ဗန်ကောက်)ဌာနတို့က ရပ်ရွာပညာပဒေသာဌာနများ ဖွင့်လှစ်နိုင်ရေးအတွက် နည်းပညာနှင့်ပစ္စည်း အကူအညီပေးလျက်ရှိသည်။

စာတတ်မြောက်ရေး နောက်ဆက်တွဲ လုပ်ငန်းများကို စနစ်တကျလုပ်ဆောင်နိုင်ရန် ရပ်ရွာပညာပဒေသာဌာနများကဲ့သို့ပင် နည်းပညာရယူရန် ပင်မဌာန တစ်ခုအဖြစ် **စာတတ်မြောက်ရေးအထောက်အကူပြုပင်မဌာန** များကို အာရှနှင့် ပစိဖိတ်ဒေသတွင် ဖွင့်လှစ်လျက်ရှိသည်။ မြန်မာနိုင်ငံအတွက်လည်း စာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာန Literacy Resource Centre တစ်ခုကို ၂၀၀၀ပြည့်နှစ် ဧပြီလ ၂၁ရက်နေ့က ထူထောင်ဖွင့်လှစ်ရာတွင် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် (ယခုနိုင်ငံတော်ဝန်ကြီးချုပ်) ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ စာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာနသည် စာတတ်မြောက်ရေးဆိုင်ရာ သင်ကြားမှု သင်ယူမှု ပစ္စည်းများထုတ်လုပ်ခြင်း၊ ကျောင်းပြင်ပ ပညာရေးဆိုင်ရာ ပုဂ္ဂိုလ်များအား စွမ်းရည်မြင့်သင်တန်းပေးခြင်းနှင့် ဒေသတွင်း စာတတ်မြောက်ရေး လုပ်ငန်းများ ပူးတွဲဆောင်ရွက်ခြင်းကို ဆောင်ရွက်လျက်ရှိပေသည်။

မြန်မာနိုင်ငံစာတတ်မြောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန် စာတတ်မြောက်ရေး အထောက်အကူပြုပင်မဌာန ခေတ်မီ အဆောက်အအုံတစ်ခုကို ဂျပန်နိုင်ငံအစိုးရနှင့် ပြည်သူများက ဆောက်လုပ်လှူဒါန်းပြီး ခေတ်မီ အီလက်ထရွန်နစ်ပစ္စည်းကိရိယာများကို အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ယူနက်စကိုအဖွဲ့(ဂျပန်အခြေစိုက်)က လှူဒါန်းသည်။

အာရှနှင့် ပစိဖိတ်ဒေသတွင် မြန်မာနိုင်ငံအပါအဝင် ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ တရုတ်၊ အိန္ဒိယ၊ နီပေါ၊ ပါကစ္စတန်၊ ပါပူဝါနယူးဂီနီ၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်၊ လာအိုနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် Literacy Resource Centre များထူထောင်ဖွင့်လှစ်ခဲ့ပြီး စာတတ်မြောက်ရေးဆိုင်ရာ လုပ်ငန်းများကို ကွန်ရက်လုပ်ငန်းအဖြစ် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

စာတတ်မြောက်ရေးလုပ်ငန်းစဉ်ကြီး၏ အမည်နာမမှာ ခေတ်၊ စနစ်၊ အခြေအနေ၊ အချိန်အခါအပေါ်မူတည်၍ ပြောင်းလဲခဲ့သော်လည်း လူတိုင်း စာတတ်မြောက်ရေး ဦးတည်ချက်ကို အသွင်သဏ္ဌာန်အမျိုးမျိုး၊ နည်းစဉ်အသွယ်သွယ်တို့ဖြင့် အကောင်အထည်ဖော်လျက်ရှိကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။

စဉ်ဆက် ပညာရေးလုပ်ငန်း အစီအစဉ်များကို အကောင်အထည်ဖော်ရန် စာတတ်မြောက်ပြီး သက်ကြီးများအတွက် မိမိဘဝ ဖွံ့ဖြိုးတိုးတက်မှုနှင့် အတူ ရပ်ရွာဖွံ့ဖြိုးတိုးတက်မှုများကိုပါ တစ်ပါတည်း ကြိုးပမ်းဆောင်ရွက်နိုင်ရန် ရပ်ရွာပညာ ပဒေသာ ဌာနများ Community Learning Centre ကို ထူထောင်ဖွင့်လှစ် ဆောင်ရွက်နေပြီဖြစ်ရာ နိုင်ငံ တစ်ဝန်းလုံးတွင် ရပ်ရွာပညာပဒေသာ ဌာနပေါင်း ၈၅၅ခု တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်သည်။



အမှတ် ၁၄၇၅ မင်းရဲကျော်စွာလမ်း၊ ၄၂ ရပ်ကွက် ဒဂုံမြို့သစ် (မြောက်ပိုင်း) နေ ဗိုလ်မှူးစိုးနိုင်ထွန်း (ငြိမ်း)-ဒေါ်တင်တင်မြ၊ သား မောင်ဝင်းကျော်စိုး၊ မောင်ထွန်းဇော်စိုး၊ သမီး မအိအိစိုး၊ မပြည့်ပြည့်စိုး၊ မြေး-မောင်ပြည့်ပိုင်စိုး မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်းပဒေသာပင် အလှူငွေကျပ် တစ်သိန်းကို ဩဂုတ် ၂၉ ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူးဦးမောင်မောင် လက်ခံယူစဉ်။ (က-ပ)

ရန်ကုန်အနောက်ပိုင်းခရိုင် မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီမှ ဝန်ထမ်းသားသမီးများအား ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ပေးအပ်ပွဲကို ဩဂုတ် ၂၉ ရက်က ရုံးချုပ်ခန်းမတွင် ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က ပညာသင်စရိတ်ငွေကျပ် ၁၂၁၈၀၀၀ ကို ဌာနခွဲများအလိုက် တာဝန်ရှိသူများအား ပေးအပ်စဉ်။

(က-ပ)

ဗုဒ္ဓဒေသနာသင်တန်း

ရန်ကုန် စက်တင်ဘာ ၄

ဆရာကြီး ဦးဌေးအောင်(မိုးလေဝသ) တွဲဖက်ဌာနမှူး၊ ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၊ နိုင်ငံတော်ပရိယတ္တိသံဃာ့တက္ကသိုလ်(မန္တလေးမြို့)၊ ဗုဒ္ဓဒေသနာနှင့် ဝိပဿနာပြန့်ပွားရေးအသင်း၏ ဦးဆောင်ပဓာန နာယကသည် စက်တင်ဘာ ၁၁ ရက် (စနေနေ့) မှစတင်၍ နိုဝင်ဘာလကုန်အထိ အပတ်စဉ်စနေနေ့နှင့် တနင်္ဂနွေနေ့တိုင်း ညနေ ၃ နာရီမှ ၅ နာရီအထိ ဗုဒ္ဓဒေသနာများကို ရန်ကုန်မြို့ အာဇာနည်လမ်း သာမဏေဗိမာန်တော်တွင် သင်ကြားပို့ချမည်ဟု သိရသည်။

(က-ပ)

မလေးရှားနိုင်ငံတွင်ကျင်းပမည့်ပိုက်ကျော်ခြင်းပြိုင်ပွဲ မြန်မာအမျိုးသားပိုက်ကျော်ခြင်းအဖွဲ့ယှဉ်ပြိုင်မည် တရုတ်နိုင်ငံဝေဟိုင်းတွင်ကျင်းပမည့် အမျိုးသမီး သဲသောင်ပြင်ပိုက်ကျော်ခြင်းယှဉ်ပြိုင်ရန်ပြင်ဆင်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၄

မလေးရှားနိုင်ငံ Kedah မြို့တွင် စက်တင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့် U.U.M ဖလား အမျိုးသားပိုက်ကျော်ခြင်း Regu ပြိုင်ပွဲနှင့် ပီနန်မြို့တွင် စက်တင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် World Sepaktakraw Championship အမျိုးသားအသင်း လိုက်ပြိုင်ပွဲနှင့် Regu ပြိုင်ပွဲတွင် ပါဝင်ရန် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ အမျိုးသား ၁၅ ဦး ပါဝင်ယှဉ်ပြိုင်ရန် အပြီးသတ် ရွေးချယ်လေ့ကျင့်ပေးလျက်ရှိသည်။

တရုတ်နိုင်ငံ ဝေဟိုင်းမြို့တွင် ကျင်းပမည့် ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဉာဏ်ထွန်း(အား/ကာ)ခေါင်းဆောင်၍ နည်းပြအဖြစ် ရဲအရာခံ သန်းလွင်က ဆောင်ရွက်မည်ဖြစ်ပြီး ကစားသမားများမှာ ပြည်ထဲရေးမှ စန်းစန်းဌေး(၁)၊ စန်းစန်းဌေး(၂)နှင့် ခင်ချိုလတ်၊ ရန်ကုန်မြို့တော်စည်ပင်မှ မေဇင်ဖြိုးနှင့် ခင်နုနုဖြိုးတို့အား ရွေးချယ်ထားသည်။

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်လေ့ကျင့်ရာ သုဝဏ္ဏရှိ လေ့ကျင့်ငါးဦးရွေးချယ်ပြီးဖြစ်ကြောင်း၊ မြန်မာ့လက်ရွေးစင်အမျိုးသမီး ပိုက်ကျော်ခြင်း လက်ရွေးစင်များအနေဖြင့် သဲသောင်ပြင် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ပထမဆုံး ပါဝင်ယှဉ်ပြိုင်ခြင်း ဖြစ်ကြောင်း၊ သဲသောင်ပြင် ပိုက်ကျော်ခြင်းပြိုင်ပွဲဝင်ရန် ပဏာမလက်ရွေးစင်များကို မိမိတို့အဖွဲ့ချုပ်ကွင်းအနီးရှိ သဲသောင်ပြင်ဘော်လီဘောကွင်းတွင် ၂၀၀၄ ခုနှစ် ဩဂုတ်လ တတိယပတ်မှစတင်ပြီး လေ့ကျင့်မှုပြုလျက်ရှိကြောင်း၊ မိမိတို့ ပထမဦးဆုံးပြိုင်ပွဲဖြစ်၍ အခက်အခဲအနည်းငယ်ရှိကြောင်း၊ အထူးကြိုးစားယှဉ်ပြိုင်ရန်

မလေးရှားနိုင်ငံတွင်ကျင်းပမည့် U.U.M ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ကမ္ဘာ့အဆင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာပိုက်ကျော်ခြင်း လက်ရွေးစင်များ သုဝဏ္ဏရှိ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် လေ့ကျင့်ရေးရုံရှေ့တွင် နည်းပြများနှင့်အတူ တွေ့ရစဉ်။

ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

တရုတ်နိုင်ငံ ဝေဟိုင်းမြို့တွင် စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၃ရက်အထိ ကျင်းပမည့် ဖိတ်ခေါ်အမျိုးသမီးပိုက်ကျော်ခြင်း Regu ပြိုင်ပွဲနှင့် လေးယောက်တန်း သဲသောင်ပြင် ပိုက်ကျော်ခြင်းပြိုင်ပွဲ မြန်မာပါဝင်ဆင်နွှဲရန် အမျိုးသမီး ပိုက်ကျော်ခြင်း လက်ရွေးစင် ငါးဦးကို အပြီးသတ်ရွေးချယ်ပြီး လေ့ကျင့်ပေးလျက်ရှိသည်။

အဆိုပါ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲသို့ အသင်းခေါင်းဆောင်အဖြစ် အတွင်းရေးမှူး ဗိုလ်ကြီးကျော်ဇင်မိုး(တပ်မတော်–လေ)ကလည်းကောင်း၊ နည်းပြများအဖြစ် ဒုရဲအုပ်သန်းထွန်းနှင့် ဦးမြင့်အောင်တို့က ဆောင်ရွက်ပြီး ဆေးဘက်ဆိုင်ရာ ဆရာဝန် အဖြစ် ဒေါက်တာကျော်မင်း(အဖွဲ့ချုပ်အမှုဆောင်)က ဆောင်ရွက်မည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်မည့် လက်ရွေးစင်ပိုက်ကျော်ခြင်း ကစားသမားများမှာ သစ်တောမှ ကျော်မင်းစိုး၊ ခိုင်မင်းစိုး၊ ကျော်ဇေယျနှင့် ဇော်ဇော်ထက်၊ လယ်/ဆည်မှ ဥက္ကာစိုး၊ စောတင်မိုး၊ ဇော်ဇော်အောင်၊ ရာဇာထွန်းနှင့် မောင်မောင်၊ ရန်ကုန်မြို့တော်စည်ပင်မှ သိန်းဇော်မင်း၊ အောင်ချိုမြင့်နှင့် ကျော်ကျော်အောင်၊ရထားမှ ဇော်လတ်၊ ပြည်ထဲရေးမှ အောင်ဟိန်းနှင့် ပို့ဆောင်ရေးမှ ဟန်စိုးထွန်းတို့ ပါဝင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ရေးကွင်းတွင် သွားရောက်၍ နည်းပြချုပ် ဦးကျော်ဇော (အား/ကာ)နှင့် တွေ့ဆုံ၍ လူရွေးချယ်မှု၊ မြန်မာပိုက်ကျော်ခြင်းအဖွဲ့ချုပ်အနေဖြင့် အမျိုးသမီး သဲသောင်ပြင် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမဆုံးပါဝင်ယှဉ်ပြိုင်မည့် အခြေအနေနှင့် ပတ်သက်၍ မြန်မာ့အလင်းသို့ နည်းပြချုပ် ဦးကျော်ဇောက ဤသို့ရှင်းပြသည်။

ဆန်ခါတင်

နည်းပြချုပ် ဦးကျော်ဇောက "မိမိတို့စခန်းသွင်း လေ့ကျင့်ထားသည့် ပဏာမလက်ရွေးစင်များထဲမှ အမျိုးသား ၁၄ ဦးကို မလေးရှားနိုင်ငံ Kedah မြို့တွင် ကျင်းပမည့် U.U.M ဖလားအကြိမ်(၂၀)မြောက်အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်ခြင်းပြိုင်ပွဲအတွက် အမျိုးသား လေးသင်း ပါဝင်ယှဉ်ပြိုင်ရန် ဆန်ခါတင်ရွေးချယ်ခဲ့ကြောင်း၊ ယင်းအပြင် ပီနန်မြို့တွင် ကျင်းပမည့် ကမ္ဘာ့အဆင့် ပိုက်ကျော်ခြင်း အမျိုးသားအသင်းလိုက်ပြိုင်ပွဲနှင့် Regu ပြိုင်ပွဲများကိုအဆိုပါရွေးချယ်ထားသော လက်ရွေးစင်များ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ ဝေဟိုင်းမြို့တွင်ကျင်းပမည့် အမျိုးသမီး Regu ပြိုင်ပွဲနှင့် လေးယောက်တန်း သဲသောင်ပြင် ပိုက်ကျော်ခြင်းပြိုင်ပွဲ မြန်မာ့အမျိုးသမီး ပါဝင်ယှဉ်ပြိုင်ရန် ပဏာမလက်ရွေးစင်များထဲမှ အပြီးသတ်လေ့ကျင့်ပေးလျက်ရှိကြောင်း၊ အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်း လက်ရွေးစင်များအနေဖြင့် ယခင်ပွဲများထက် တစ်ပွဲထက်တစ်ပွဲ တိုးတက်မှုရှိကြောင်း၊အဖွဲ့ချုပ်အနေဖြင့်ထောက်ပံ့မှုများ တိုးမြှင့်ပေးခြင်း၊ အားကစားဝန်ကြီးဌာနမှ လေ့ကျင့်မှုအထောက်အကူ ပစ္စည်းများ၊ ဆေးဝါးများ ပံ့ပိုးပေးလျက်ရှိပြီး အနီးကပ် ကြပ်မတ်ဆောင်ရွက်မှုများကြောင့် မိမိတို့ အားကစားသမားများလေ့ကျင့်မှု အားကောင်းလာကြောင်း"ဖြင့် မြန်မာ့အလင်းသို့ ပြောကြားသွားသည်။

မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်အနေဖြင့် ပြည်တွင်းပြိုင်ပွဲများ ကျင်းပပြီး ဆုကြေးများတိုးမြှင့်ပေးခြင်း၊ ပိုက်ကျော်ခြင်း အားကစားနည်းပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်ဝင်ရောက်လာရန် စည်းရုံးဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ခြင်းဖြင့် အတွေ့အကြုံသစ်များရရှိကာ လာမည့် ၂၀၀၅ ခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိအောင် အင်နှင့်အားနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

တရုတ်နိုင်ငံ ဝေဟိုင်းတွင် ကျင်းပမည့် အမျိုးသမီး သဲသောင်ပြင် ပိုက်ကျော်ခြင်းပြိုင်ပွဲဆင်နွှဲရန် မြန်မာ့လက်ရွေးစင် အမျိုးသမီး ပိုက်ကျော်ခြင်းအဖွဲ့ သုဝဏ္ဏရှိ သဲသောင်ပြင် ဘော်လီဘောကွင်းတွင် လေ့ကျင့်စဉ်။

ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

အားကစားဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် ဟောင်ကောင်ဘောလုံးအသင်းအားဂုဏ်ပြုညစာတည်ခင်း

ရန်ကုန် စက်တင်ဘာ ၄

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် မြန်မာ–ဟောင်ကောင်ချစ်ကြည်ရေး ခြေစမ်းဘောလုံးပွဲယှဉ်ပြိုင်ရန် ရောက်ရှိနေသော ဟောင်ကောင် Kitchee ဘောလုံးအသင်းအား တည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယမန်နေ့ ည ၇နာရီတွင် ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ ကျင်းပသည့် အခမ်းအနားကို တက်ရောက်သည်။

တက်ရောက်

ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ် ကော်မတီဝင်များ၊ အားကစားဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဟောင်ကောင် Kitchee ဘောလုံးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ကြိုဆိုနှုတ်ဆက်စကား ပြောကြားပြီး ဝန်ကြီးက ဟောင်ကောင် Kitchee ဘောလုံးအသင်းအမှုဆောင်ချုပ် Mr.Ken K Ng အား အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်သည်။ **(အပေါ်ပုံ)**

ညစာတည်ခင်း

ထို့နောက် အမှုဆောင်ချုပ်က ဝန်ကြီးအား အမှတ်တရ လက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။ ဆက်လက်၍ ဟောင်ကောင် Kitchee ဘောလုံးအသင်းအမှုဆောင်ချုပ် Mr.Ken K Ng က ကျေးဇူးတင်စကား ပြန်လည် ပြောကြားပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုအကအဖွဲ့များဖြင့် ဖျော်ဖြေ၍ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် ဝန်ကြီးက မြန်မာ့ရိုးရာယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုဆုငွေကျပ်တစ်သိန်းချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စိတ်ကျန်းမာရေး ပညာပေးဟောပြော

ရန်ကုန် စက်တင်ဘာ ၄

မြောက်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် စိတ်ကျန်းမာရေး ပညာပေးဟောပြောပွဲကို ယမန်နေ့ နေ့လယ်က အသင်းရုံးခန်းတွင် ကျင်းပပြုလုပ်သည်။

အဆိုပါဟောပြောပွဲသို့ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်မြသန်း၊ အတွင်းရေးမှူး ဦးကျော်ကျော်နှင့် အလုပ်အမှုဆောင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ စုစုပေါင်း ၁၅၀ တက်ရောက်ကြသည်။

ယင်းပညာပေး ဟောပြောပွဲကို ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်မြသန်း၊ အလုပ်အမှုဆောင် ဒေါက်တာ ဒေါ်ခင်သန်းဝင်းတို့က ဟောပြောပို့ချကြကြောင်း သိရသည်။ **(က–ပ)**

အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲဆက်

ရန်ကုန် စက်တင်ဘာ ၄

၂၀၀၄ခုနှစ် (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲအား ယနေ့နံနက် ၉နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ဒုတိယနေ့အဖြစ် ကျင်းပရာ အမျိုးသားပြိုင်ပွဲ ပွဲစဉ် ၁၉ပွဲနှင့် အမျိုးသမီးပြိုင်ပွဲ ပွဲစဉ် ငါးပွဲ စုစုပေါင်း အမျိုးသား၊ အမျိုးသမီး ပွဲစဉ် ၂၄ပွဲ ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့ထိပ်သီးဘာရာဇီး ထိပ်ဆုံး၌ ဆက်လက်ရပ်တည်နေမည်လား ကမ္ဘာ့ဖလားတောင်အမေရိကဇုန်ခြေစစ်ပွဲများ ယနေ့ကစားမည်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ

ရန်ကုန် စက်တင်ဘာ ၄

ဂျာမနီနိုင်ငံတွင် ၂၀၀၆ခုနှစ်၌ ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် ခြေစစ်ပွဲများကို ယခုအခါ ခြိမ့်ခြိမ့်သဲကျင်းပလျက်ရှိရာ တောင်အမေရိကဇုန်အသင်းများ၏ ခြေစစ်ပွဲအချို့ကစားခဲ့ပြီးဖြစ်သဖြင့် ကျန်ပွဲစဉ်များ ဆက်လက်ကစားရမည်ဖြစ်ကာ ကမ္ဘာ့ထိပ်သီးဘာရာဇီးနှင့် ဘိုလစ်ဗီးယား၊ ဥရုဂွေးနှင့် အီကွေဒေါ၊ ပါရာဂွေးနှင့် ဗင်နီဇွဲလား၊ ချီလီနှင့် ကိုလံဘီယာအသင်းတို့ ခြေစစ်ပွဲများအဖြစ် စက်တင်ဘာ ၅ရက်**(ယနေ့)**တွင် ယှဉ်ပြိုင်ကစားကြရတော့မည်ဖြစ်သည်။

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲများကို တိုက်ကြီးများအလိုက် အုပ်စုခွဲကစားကြရာတွင် တောင်အမေရိကဇုန်ရှိအသင်းများအနေဖြင့် ခြေစစ်ပွဲ ခုနစ်ပွဲစီကစားပြီးခဲ့ကြပြီဖြစ်သည်။ ခြေစစ်ပွဲများ ကစားခဲ့ကြရာတွင် လက်ရှိအနေအထား၌ ဘာရာဇီး (၁၃)မှတ်၊ အာဂျင်တီးနား (၁၂)မှတ်၊ ချီလီ(၁၁)မှတ်၊ ပါရာဂွေး(၁၁)မှတ်၊ အီကွေဒေါ (၁၀)မှတ်၊ ဗင်နီဇွဲလား(၁၀)မှတ်၊ ပီရူး ကိုးမှတ်၊ ကိုလံဘီယာ ခုနစ်မှတ်၊ ဥရုဂွေး ခုနစ်မှတ်နှင့် ဘိုလစ်ဗီးယား ခြောက်မှတ်တို့ အသီးသီးရရှိထားကြသည်။

ကမ္ဘာ့အဆင့်တစ် ဘာရာဇီးအသင်းသည် တောင်အမေရိကဇုန်၌ ခြေစစ်ပွဲ ခုနစ်ပွဲကစားပြီးချိန်အထိ ရှုံးပွဲမရှိသေးဘဲ သုံးပွဲနိုင်၊ လေးပွဲသရေဖြင့် (၁၃)မှတ်ရရှိပြီးထိပ်ဆုံး၌ ရပ်တည်နေသော အသင်းဖြစ်သည်။

အပေါ်စီးမှကစားမည်

ဘာရာဇီးနှင့် ဘိုလစ်ဗီးယားတို့၏ ခြေစစ်ပွဲကို ဘာရာဇီးနိုင်ငံ ဆော်ပေါလိုမြို့၌ စက်တင်ဘာ ၅ရက် **(ယနေ့)**တွင် ယှဉ်ပြိုင်ကစားကြရမည်ဖြစ်ရာ ဘာရာဇီးတို့က အစစအရာရာ အားသာလျက်ရှိသည်။ ဘာရာဇီးနှင့် ဘိုလစ်ဗီးယားတို့ ယခင်က(၁၃)ကြိမ်ဆုံတွေ့ထားပြီး ဘာရာဇီးအသင်းက ၁၀ပွဲနိုင်-တစ်ပွဲသရေကျထားခဲ့သည့် မှတ်တမ်းရှိနေရာ ဘိုလစ်ဗီးယားတို့ ဂိုးပြတ်အသွင်းမခံရအောင်သာ ကစားရန်ရှိနေသည်။ ဘာရာဇီးအသင်းတွင် ဒဏ်ရာရဘောလုံးသမားများရှိနေသော်လည်း ဘာရာဇီးနည်းပြ အယ်ဘာတိုပါရဲရားက ဘိုလစ်ဗီးယားကို အပေါ်စီးမှ အနိုင်ရအောင် ကစားမည်ဟု ပြောကြားလျက်ရှိသည်။

ရှုံးပွဲများရင်ဆိုင်

တောင်အမေရိကဇုန်မှ ဥရုဂွေးနှင့် အီကွေဒေါအသင်းတို့လည်း ဥရုဂွေးနိုင်ငံ မွန်တီဗီဒီယိုမြို့တွင် စက်တင်ဘာ ၅ရက်**(ယနေ့)**တွင် ကစားရမည် ဖြစ်သည်။ တောင်အမေရိက၏ ခြေစွာအသင်း တစ်သင်းဖြစ်သည့် ဥရုဂွေးသည် ခြေစစ်ပွဲများ ခုနစ်ပွဲကစားခဲ့ရာတွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ လေးပွဲရှုံးပြီး ခုနစ်မှတ်သာရရှိနေသေးသည့် အသင်းဖြစ်သည်။ ခြေစစ်ပွဲများကစားရာတွင် ယခင်က ခြေစွမ်းပျောက်လျက်ရှိပြီး ရှုံးပွဲများနှင့်ရင်ဆိုင်ကြုံတွေ့နေရသည်။

သုံးမှတ်အပြည့်ယူ

အီကွေဒေါအသင်းမှာလည်း ခြေစစ်ပွဲ ခုနစ်ပွဲကစားခဲ့ရာတွင် သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးပြီး (၁၀)မှတ်ရရှိထားရာ ယခုပွဲတွင် ဥရုဂွေးကိုအနိုင်ကစားမည်ဟု အီကွေဒေါနည်းပြ ဖာနန်ဒိုဆွာရက်ဇ်က ပြောကြားလျက်ရှိသည်။ သို့သော် ဥရုဂွေးနှင့်အီကွေဒေါအသင်းတို့ ယခုအချိန်အထိ(၂၃)ကြိမ်ခန့် ကစားခဲ့ဖူးရာ ဥရုဂွေးက ၁၅ပွဲအနိုင်ရရှိပြီး ငါးပွဲသရေကျထားသော ရလဒ်များရှိနေရာ နိုင်ပွဲလိုအပ်နေသော ဥရုဂွေးတို့သာ အနိုင်ကစားသွားပြီး သုံးမှတ်အပြည့်ယူမည်ဖြစ်သည်။

တောင်အမေရိကဇုန်ခြေစစ်ပွဲ ရှစ်ပွဲမြောက် ပွဲစဉ်အဖြစ်ပါရာဂွေးနှင့် ဗင်နီဇွဲလားတို့ ပါရာဂွေးနိုင်ငံ အက်ဆမ်စီရွန်မြို့တွင် စက်တင်ဘာ ၅ရက်**(ယနေ့)**တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အကြိတ်အနယ်ရှိသောပွဲတစ်ပွဲဖြစ်သည်။ ပါရာဂွေးအသင်းခြေစစ်ပွဲ ခုနစ်ပွဲကစားခဲ့ရာတွင် သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးပြီး (၁၁)မှတ်ရရှိထားသော

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲ၌ ဘိုလစ်ဗီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရန်အတွက် ဘာရာဇီးနိုင်ငံ တီရီဆိုပိုလစ်မြို့၌ လေ့ကျင့်နေသော ဘာရာဇီးတိုက်စစ်မှူး ရော်နယ်ဒို(ယာ)အား စက်တင်ဘာ ၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အသင်းဖြစ်သလို ဗင်နီဇွဲလားကလည်းခြေစစ်ပွဲ ခုနစ်ပွဲကစားခဲ့ရာတွင် သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးထားပြီး (၁၀)မှတ်ရရှိနေသော အသင်းဖြစ်သည်။

အလေးသာ

ပါရာဂွေးအသင်းတွင် ပြီးခဲ့သည့်အေသင်အိုလံပစ်၌ ဖိုလ်လုပွဲရောက်ခဲ့သည့်အသင်းမှ အားကစားသမားများ ပြန်လည်ပါဝင်ထားပြီး ကာဒိုဇို၊ ဂါမာရာနှင့် အင်စီယိုတို့ကို အဓိကထားပြီး ကစားမည်ဖြစ်သည်။ လက်ရှိခြေစွမ်းအရ ပါရာဂွေးတို့က တိုက်စစ်နှင့် အလယ်တန်းတွင် ဗင်နီဇွဲလားတို့ထက် အားသာမှုရှိသော်လည်း ပါရာဂွေးနောက်တန်းခံစစ်ကြောင်း မကောင်းပေ။ သို့သော် ဂိုးသွင်းခြေမြူးနေသော ပါရာဂွေးတိုက်စစ်မှူး ကာဒိုဇိုကြောင့် ပါရာဂွေးတို့ အနိုင်ရရန် အလေးသာလျက်ရှိသည်။

ဗင်နီဇွဲလားအသင်းမှာ တောင်အမေရိက၌ ခြေစွမ်းထက်မြက်လာသည့် အသင်းဖြစ်သော်လည်း အစဉ်အလာအရ ပါရာဂွေးတို့ကို အနိုင်ရရန်မလွယ်ချေ။ ပါရာဂွေးနှင့် ဗင်နီဇွဲလားတို့ ယခင်က (၁၁)ကြိမ်ယှဉ်ပြိုင်ကစားခဲ့ဖူးရာတွင် ပါရာဂွေးတို့က ကိုးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးထားဖူးသော မှတ်တမ်းကောင်းများလည်းရှိနေရာ ယခုပွဲတွင်လည်း ပါရာဂွေးတို့ကသာ အနိုင်ရသွားနိုင်စရာရှိသည်။

တောင်အမေရိကဇုန်မှ ချီလီနှင့် ကိုလံဘီယာအသင်းတို့လည်း ချီလီနိုင်ငံ ဆန်တီယာရိုဒီချီလီမြို့၌ စက်တင်ဘာ ၅ရက်**(ယနေ့)**တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အထင်သေး၍မရ

ချီလီအသင်းသည် ပြီးခဲ့သည့်ခြေစစ်ပွဲ ခုနစ်ပွဲကစားခဲ့ရာတွင် သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးပြီး (၁၁)မှတ်ရရှိနေသောအသင်းဖြစ်သည်။ ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲဝင်ချီလီအသင်းမှာ ခြေစွမ်းထက်မြက်လျက်ရှိပြီး တိုက်စစ်မှူးများဖြစ်သည့် ဂါလက်ဇ်၊ မာဆယ်လိုဆဲလက်စ်၊ ပင်နီယာတို့က ဂိုးသွင်းစွမ်းရည် ကောင်းမွန်နေသည်။ ခြေစစ်ပွဲ ခုနစ်ပွဲကစားခဲ့ရာတွင် ကိုးဂိုး သွင်းထားနိုင်ခဲ့သော ခြေစွမ်းကို အထင်သေး၍ မရပေ။

သို့သော် ချီလီအသင်း၏ အားနည်းချက်မှာ နောက်တန်းဖြစ်ပြီး ခုနစ်ပွဲ ကစားပြီးချိန်တွင် ခုနစ်ဂိုးအသွင်းခံထားရသည်မှာ မကောင်းလှသော အနေအထားမျိုးဖြစ်သည်။ လက်ရှိအခြေအနေတွင် တောင်အာမေရိကဇုန်၌ အဆင့်သုံးနေရာတွင် ရပ်တည်နေသော ချီလီက ကိုလံဘီယာကို အနိုင်ကစားပြီး သုံးမှတ်အပြည့်ယူမည်ဖြစ်သည်။

ချီလီနှင့်ကစားရမည့် ကိုလံဘီယာအသင်းမှာ ခြေစစ်ပွဲ ခုနစ်ပွဲကစားခဲ့ရာတွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ လေးပွဲရှုံးပြီး ခုနစ်မှတ်သာ ရရှိထားသောအသင်း ဖြစ်သည်။ ယခုပြိုင်ပွဲဝင် ကိုလံဘီယာ၏ခြေစွမ်းမှာ အားရဖွယ်မရှိရာ ကိုလံဘီယာတိုက်စစ်မှူးများဖြစ်သည့် ဟာရဲရား၊ အိန်ဂျယ်၊ ဂါဘလီဟယ်ရေးနှင့် မိုရီယိုတို့ ဂိုးသွင်းစွမ်းရည်ကောင်းပြီး ခုနစ်ပွဲကစားပြီးချိန် ၁၀ဂိုးသွင်းထားနိုင်ခဲ့သည်။

မဟန့်တားနိုင်

သို့သော် ကိုလံဘီယာတို့၏ခံစစ်ကြောင်းမှာ အားပျော့လှသည်ဖြစ်ရာ ခံစစ်မှူးများဖြစ်သည့် ကော်ဒိုဗာ၊ ဘီဒိုလာနှင့် အိုရော့ဇ်ကိုတို့က တစ်ဦးနှင့်တစ်ဦးနားလည်မှုလွဲနေသဖြင့် တစ်ဖက်အသင်း တိုက်စစ်ကိုထိရောက်စွာ မဟန့်တားနိုင်ရာ ခုနစ်ပွဲကစားပြီးချိန်တွင် ၁၀ဂိုးအသွင်းခံထားရသည်က သက်သေပြသနေသည်။

ရှုံးပွဲနှင့်ကြုံနိုင်

သို့ရာတွင် ကိုလံဘီယာနှင့် ချီလီတို့ ယခင်(၁၅)ကြိမ်ယှဉ်ပြိုင်ခဲ့ဖူးရာ၌ ကိုလံဘီယာအသင်းက ခုနစ်ပွဲနိုင်၊ လေးပွဲသရေ၊ လေးပွဲရှုံးထားသည့် အနေအထားရှိရာ ချီလီတို့ ကိုလံဘီယာကို ခက်ခက်ခဲခဲ ကစားရဖွယ်ရှိသည်။ လက်ရှိအနေအထားတွင် ချီလီတို့က တတိယနေရာတွင် ရှိနေပြီး ကိုလံဘီယာတို့က အဋ္ဌမနေရာ၌ ရှိနေသော်လည်း ကိုလံဘီယာတို့ခြေတွေ့ပါက ချီလီတို့ရှုံးပွဲနှင့်ပင်ကြုံတွေ့သွားရနိုင်သည်။

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားအတွက် တောင်အမေရိကဇုန်အသင်းများ၏ ရှစ်ပွဲမြောက်ခြေစစ်ပွဲ ပွဲစဉ်များကို ယနေ့ ကစားပြီးဖြစ်ရာ ကမ္ဘာ့ထိပ်သီး ဘာရာဇီးအသင်းထိပ်ဆုံး၌ ဆက်လက်ရပ်တည်နိုင်မှုရှိမရှိနှင့် အခြားအသင်းများ၏ ရလဒ်အနေအထားများ မကြာမီ သိရှိရတော့မည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှား အားကစား

ချယ်လ်ဆီးနှင့်စီအက်စ်ကေအေ ချန်ပီယံလိဂ်ပြိုင်ခွင့်ရ

လန်ဒန် စက်တင်ဘာ ၃

ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်သည် မော်စကိုကလပ်တွင် ရင်းနှီးမြှုပ်နှံမှု မရှိဟူသောသတင်းကြေညာချက်ထွက်ပေါ်လာပြီးနောက် ချယ်လ်ဆီးအသင်းနှင့် စီအက်စ်ကေအေ အသင်းတို့အား ချန်ပီယံလိဂ်တွင် ပါဝင်ကစားရန် ယူအီးအက်ဖ်အေက ကြာသပတေးနေ့က ခွင့်ပြုလိုက်ပြီဖြစ်သည်။

ယူအီးအက်ဖ်အေက အုပ်စုတစ်ခုတည်းတွင် အသင်းနှစ်သင်း၏ ပိုင်ရှင်သည် တစ်ဦးတည်းမဖြစ်စေရဟူသော စည်းကမ်းချက်များရှိထားသည်။ ၎င်းနှစ်သင်းသည် ရုရှားသူဌေး အေဘရာမိုဗစ်ချ်ပိုင်ဆိုင်သည်ဟူသော သတင်းပေါ်ထွက်ခဲ့သည်။

အကယ်၍ အဆိုပါအသင်းနှစ်သင်း အေဘရာမိုဗစ်ချ်ပိုင်ဖြစ်ခဲ့လျှင် ၎င်းအသင်းနှစ်သင်းအနက်မှ တစ်သင်းသည် ပြိုင်ပွဲမှထွက်ပေးရမည်ဖြစ်သည်။ **(အင်တာနက်)**

နည်းပြမော်ရင်ဟို၏ ချယ်လ်ဆီးအသင်း ချန်ပီယံလိဂ်၌ အသင်းဟောင်းပေါ်တိုနှင့် ပြန်တွေ့

လစ္စဘွန်း စက်တင်ဘာ ၃

၂၀၀၄-၂၀၀၅ဘောလုံးရာသီ၏ ချန်ပီယံလိဂ် ပထမအဆင့်အုပ်စုပွဲစဉ်များကို ပြင်သစ်နိုင်ငံ မိုနာကိုမြို့၌ မဲနှိုက်ရွေးချယ်ခဲ့ရာ ပြိုင်ပွဲဝင်၃၂သင်း ပါဝင်ကစားမည့် အုပ်စု(၈)အုပ်စု ထွက်ပေါ်ခဲ့သည်။

အုပ်စု(ဇ)

အဆိုပါ အုပ်စုများအနက် အုပ်စု(ဇ)တွင် လက်ရှိချန်ပီယံ ပေါ်တို (ပေါ်တူဂီ)၊ ချယ်လ်ဆီး(အင်္ဂလန်)၊ ပီအက်စ်ဂျီ(ပြင်သစ်)နှင့် စီအက်စ်ကေအေမော်စကို(ရုရှား)အသင်းများပါဝင်သည်။ ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုသည် လက်ရှိချန်ပီယံပေါ်တိုအသင်း၏ နည်းပြအဖြစ်တာဝန်ယူခဲ့သည်။

ချန်ပီယံလိဂ် ပရိသတ်အနေဖြင့် မော်ရင်ဟို ဘယ်လိုရုန်းထွက်မည်ကို စိတ်ဝင်စားလျက်ရှိသည်။

(အင်တာနက်)

အင်္ဂလန်နှင့် ဩစတြီးယားခြေစစ်ပွဲ ဘက်ဟမ်းကွင်းလယ်တာဝန်ယူကစားမည်

ဗီယင်နာ စက်တင်ဘာ ၄

အင်္ဂလန်တိုက်စစ်မှူး ဒေးဗစ်ဘက်ဟမ်းသည် ဩစတြီးယားနိုင်ငံ၌ ကမ္ဘာ့ဖလားအုပ်စု(၆) ခြေစစ်ပွဲဝင်မည့် စနေနေ့တွင် စတီဗင်ဂျရတ်၏ ကွင်းလယ်တာဝန်ကို တာဝန်ယူကစားမည်ဖြစ်သည်။

ဂျရတ်သည် ပေါင်ခြံ၌ဒဏ်ရာရရှိထားသဖြင့် မသေချာကြောင်း ဘက်ဟမ်းက သောကြာနေ့က သတင်းစာရှင်းလင်းပွဲ၌ပြောသည်။ ၎င်းသည် အဆိုပါ လိုအပ်ချက်ကွက်လပ်ကို ဖြည့်စွမ်းပေးရန် သူ၏အင်္ဂလန်အသင်းအတွက် ကျေနပ်စေလိမ့်မည်ဖြစ်သည်။

မိမိသည် ရီးယဲမက်ဒရစ်အသင်းတွင် ကွင်းလယ်ကစားသမားအဖြစ် အမြဲ ကစားလေ့ရှိကြောင်း၊ ၎င်းနေရာသည် မိမိနေရာပင် ဖြစ်ကြောင်း၊ မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်ရှိကြောင်း ၎င်းက ပြောကြားသည်။

အင်္ဂလန်အသင်းသည် ဩစတြီးယား၌ အနည်းဆုံးအမှတ် လေးမှတ်ရရန် မျှော်မှန်းထားကြောင်း၊ ခြေစစ်ပွဲသည် ဖိုလ်လုပွဲတက်ရောက်နိုင်ရေးအတွက်အရေးကြီးကြောင်း ဘက်ဟမ်းက ပြောကြားသည်။ **(ယာပုံ)**

အမ်အင်အေ၊ရိုက်တာ

အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဒါဗင်ပို့စ်နှင့်ဟာနင် တတိယအကျော့တက်ရောက်

နယူးယောက် စက်တင်ဘာ ၂

၁၉၉၈ အမေရိကန်အိုးပင်းချန်ပီယံ ကမ္ဘာ့ပဋ္ဌမအဆင့်ရှိ လင်ဆေးဒါဗင်ပို့စ်သည် စပိန်မှ အာရန်ထရာပါရာအား ၆-၄၊ ၆-၂ဖြင့်နိုင်ကာ အမေရိကန် အိုးပင်းချန်ပီယံ တတိယအကျော့ပြိုင်ပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ဒါဗင်ပို့စ်သည် စတန်းဖို့၊ လော့အိန်ဂျလိစ်၊ ဆန်ဒယ်ဂိုနှင့် စင်စင်နာတီတင်းနစ်ပြိုင်ပွဲလေးရပ်တွင် အနိုင်ရဖိုလ်စွဲခဲ့ပြီးနောက် အမေရိကန်အိုးပင်းတင်းနစ်သို့ ဝင်ရောက်လာခြင်းဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ အဆိုပါအမေရိကန်တင်းနစ်အားကစားမယ်သည် ယခုနှစ်တွင် ဖလားခြောက်ခုရရှိထားပြီဖြစ်သည်။ သူမသည် တတိယအကျော့ပွဲစဉ်အဖြစ် ရုရှားမှ အီလင်နာဘိုဗီနာနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

လက်ရှိချန်ပီယံ ဂျူစတင်ဟာနင်သည် အစ္စရေးမှ တီဇီပိုရာအောဘ်ဇီလာအား ၆-၂၊ ၅-၂၊ ၆-၂ဖြင့်နိုင်ကာ တတိယအကျော့ပွဲစဉ်သို့ တက်ရောက်သွားပြီဖြစ်သည်။ **(အင်တာနက်)**

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့သို့ အဝေးကြည့်မှန်ပြောင်းနှစ်ခုလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၄

ဂျပန်နိုင်ငံမှ The Chief Priest of Buddish Temple Gugyoji ဂျပန်ဘုန်းတော်ကြီး Rev. Shintoku Kaneda ဦးဆောင်၍ ဂျပန်ဘုန်းတော်ကြီးနှစ်ပါးနှင့်အဖွဲ့ဝင် ၁၂ဦးတို့ ပါဝင်သောအဖွဲ့သည် ယနေ့နံနက် ၉နာရီတွင် ရွှေတိဂုံစေတီတော်သို့ လာရောက်ဖူးမြော်ပြီး ရွှေတိဂုံစေတီတော်ကြီး၏ စိန်ဖူးတော်အား အများပြည်သူတို့ အနီးကပ်ဖူးမြော်ကြည်ညိုနိုင်ရန် ရည်ရွယ်၍ Prominar အမျိုးအစား အဝေးကြည့်မှန်ပြောင်းနှစ်ခုကို ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့သို့လှူဒါန်းသည်။

လှူဒါန်းပွဲသို့ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင် ဦးမြသိန်းနှင့်ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင် ဂျပန်ဘုန်းတော်ကြီးနှင့်အဖွဲ့တို့ တက်ရောက်ကြသည်။

ဆက်ကပ်ပူဇော်

ရှေးဦးစွာ အလှူရှင်ဂျပန်ဘုန်းတော်ကြီး Rev. Shintoku Kaneda နှင့် အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော် ဂျပန်တန်ဆောင်း၌ ပန်း၊ အမွှေးနံ့သာနှင့် ဖယောင်းတိုင်များ ဆက်ကပ်ပူဇော်ကန်တော့ကြပြီး စေတီတော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

ထို့နောက် အလှူရှင်ဂျပန်ဘုန်းတော်ကြီး Rev. Shintoku Kaneda နှင့်အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်ကြီးအား ဂျပန်တန်ဆောင်းမှ ဆုမွန်ကောင်းများတောင်း၍ ဖူးမြော်ကြည်ညိုကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ အလှူရှင် ဂျပန်ဘုန်းတော်ကြီး Rev. Shintoku Kaneda က ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့သို့ အမေရိကန်ဒေါ်လာ ၅၀၀၀တန်ဖိုးရှိ Prominar အမျိုးအစား အဝေးကြည့်မှန်ပြောင်းနှစ်ခုကို ပေးအပ်လှူဒါန်းရာ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင် ဦးမြသိန်းက လက်ခံပြီး ရွှေတိဂုံစေတီတော်ပုံတော်ကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်ကာ ဂျပန်ဘုန်းတော်ကြီး Rev. Shintoku Kaneda က ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့သို့အမှတ်တရလက်ဆောင်ပစ္စည်းပြန်လည်ပေးအပ်သည်။ **(သတင်းစဉ်)**

ဆွမ်းကပ်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းအဓိဋ္ဌာန်ပွဲ

ရန်ကုန် စက်တင်ဘာ ၄

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံဆံတော်ရှင် အရှေ့ဘက်ရှိ သတ္တဌာန ဗုဒ္ဓရုပ်ပွားတော် ခုနစ်ဆူတည်ရှိရာ သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်ကြီး၌အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ သုမင်္ဂလမဟာထေရ် လယ်တီဆရာတော်ဘုရားကြီး ဟောကြားပြသစီစဉ်ခဲ့သော ဗုဒ္ဓလေးဆူအောင်တော်မူမြတ်စွာဘုရားများအား ဓာတ်ကြီးလေးပါး ဆွမ်းကပ်လှူပူဇော်ပွဲကြီးကို တော်သလင်းလဆန်း၆ရက်မှ လပြည့်နေ့အထိ (စက်တင်ဘာ ၁၉ရက်မှ၂၇ ရက်အထိ)ကိုးရက်တိုင်တိုင်ကျင်းပ၍ နေ့စဉ်နံနက် ၆နာရီမှ စတင်ကာ ဆွမ်းတော်ကပ်လှူပွဲကြီးကို ပြုလုပ်မည်ဖြစ်သည်။

ယင်းနေ့ညနေ၅နာရီ၌ ဗုဒ္ဓါနုဿတိ အဓိဋ္ဌာန်ကမ္မဋ္ဌာန်းပွဲကြီးကို ဟောကြားပြသမည်ဖြစ်ရာ ဆွမ်းတော်ကပ်လှူလိုသူများနှင့် အဓိဋ္ဌာန်ပြုလုပ်လိုသူများသည် ဓာတ်ကြီးလေးပါး ဆွမ်းတစ်ပွဲကျပ်၃၀၀၀၊ သာသနာပွဲတစ်ပွဲကျပ်၅၀၀၀နှင့် ညနေအအေးဖျော်ရည်ကျပ်၃၀၀၀တို့ကို သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက် ဖုန်း-၅၆၀၇၁၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (၀၅၂)

(၅၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲကို ၁၃၆၆ခုနှစ် နတ်တော်လပြည့်(တနင်္ဂနွေနေ့)မှ ၁၃၆၆ခုနှစ် ပြာသိုလပြည့်ကျော် ၃ရက်(ကြာသပတေးနေ့)အထိ (၂၆-၁၂-၂၀၀၄ ရက်မှ ၂၇-၁-၂၀၀၅ရက်အထိ) ကျင်းပမည်ဖြစ်သည်။

ဝင်ရောက်ဖြေဆိုမည့် သံဃာတော်အရှင်သူမြတ်များသည် ၁၃၆၆ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၃ရက် (၁၀-၁၁-၂၀၀၄ရက်)မတိုင်မီ ဝင်ခွင့်တောင်းလွှာများကို(ဓာတ်ပုံနှင့်အတူ) ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ စာမေးပွဲဌာနခွဲ(တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ)သို့ ပေးပို့ရန်ဖြစ်သည်။ လက်မှတ်ရေးထိုးတင်သွင်းပြီးနောက် အကြောင်းမညီညွတ်၍ ပြန်ဆိုဖြေဆိုရန် ပျက်ကွက်ပါက ပျက်ကွက်သည့်အကြောင်းကို ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၇ရက် (၃-၁၂-၂၀၀၄ရက်)နောက်ဆုံးထား၍ အကြောင်းကြားရန်ဖြစ်သည်။ စာမေးပွဲအတွက် ပြဋ္ဌာန်းချက်များမှာ ယခင်နှစ်များကအတိုင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆုတောင်းပြည့်ကြေးတော်ကြီးဘုရား ဝါဆိုသင်္ကန်းကပ်လှူရေးအလှူငွေပေးအပ်

ရန်ကုန် စက်တင်ဘာ ၄

တောင်ဥက္ကလာပမြို့နယ် (၅) ရပ်ကွက် ပါရမီလမ်း (၃)ဝိုင်း ဒေးဒရဲကျောင်းတိုက်အတွင်းရှိ ဆုတောင်းပြည့်ကြေးတော်ကြီးဘုရားတွင် (ပထမအကြိမ်) ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို စက်တင်ဘာ ၅ရက် (ယနေ့)တွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များက မတည်လှူဒါန်းငွေကျပ် ၁၀၀၀၀၀ကို အလှူရှင်များ ကိုယ်စား ဘုရားဒါယကာ ဦးသက်က အကျိုးတော်ဆောင်အဖွဲ့သို့ ဩဂုတ်၂၉ရက်ကပေးအပ်လှူဒါန်းသည်။

ဝါဆိုသင်္ကန်းကပ်လှူရန် ဩဝါဒါစရိယ ဘဒ္ဒန္တ အဂ္ဂဝံသဥဘတောဝိဘင်္ဂရ မဟာဓမ္မာစရိယ မဟာစည်ဆရာတော်ကြီးနှင့် မြို့နယ်သံဃနာယကဆရာတော်ကြီးများအား ဆက်ကပ်လှူဒါန်းမည်ဖြစ်၍ ဆွမ်း၊ သင်္ကန်း ဝတ္ထုပစ္စည်းအစုစုတို့အား လှူဒါန်းလိုသူများသည် ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသ ကြေးတော်ကြီးဘုရား တောင်ဥက္ကလာပ၊ ဦးလှစိုး (တိုင်းအုပ်ချုပ်ရေးမှူး)ရန်ကုန်တိုင်း ဖုန်း-၃၇၀၅၀၈၊ ဦးကျော်ဆွေ (မြို့နယ်ဥက္ကဋ္ဌ တောင်ဥက္ကလာပ)ဖုန်း-၅၆၀၅၇၄၊ ဦးသန်းဦး (ရပ်ကွက်ဥက္ကဋ္ဌ) ဖုန်း-၅၇၁၈၇၂နှင့် ဦးသက်-ဒေါ်မြင့်မြင့် (တောင်ဥက္ကလာပ) ဖုန်း-၅၇၁၅၈၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရွှာရန်ရာနှုန်း ၆၀

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ကွင်းဆင်းဆောင်ရွက်

အလုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ရပ်ကွက်များအတွင်း နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးလျက်ရှိရာ ဌာနာရပ်ကွက်တွင် ဩဂုတ် ၃၁ရက်က မြို့နယ်ဦးစီးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (က-ပ)

နိဗ္ဗာန်ရည်မှန်း ရွှေသင်္ကန်း

- မိမိသုံးဆောင်သည်နှင့် တစ်တန်းစားတည်း လှူခြင်းသည် **'ဒါနသဟာယ'**မည်၏။
- မိမိသုံးဆောင်သည်ထက် မြင့်မြတ်သည်ကို လှူခြင်းသည် **'ဒါနသာမိ'**မည်၏။

ဒါနသာမိ၊ တုမရှိအောင်
မုနိဆင်မြန်း၊ ရွှေသင်္ကန်းကို
လှူဒါန်းကုသိုလ် ယူပါစို့။

ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံရေး လုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် **"မဟာဓေယျ အတုလမာရဇိန်"** ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးအောင်မြင်ခဲ့၍ ၁-၈-၂၀၀၄ရက်တွင် ရေစက်ချဖွင့်ပွဲ အလှူတော်မင်္ဂလာ အခမ်းအနားကြီးကို ကျင်းပခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကြေးပိဿာ ဒုတိယအများဆုံးဖြစ်ပြီး ကမ္ဘာတွင် တတိယအကြီးဆုံးဖြစ်သည့် ကြေးသွန်းရုပ်ပွားတော်ကြီးကို ယခုအခါ **ရဟန်းရှင်လူ ပြည်သူအများ နိဗ္ဗာန်ရည်မှန်း၍ ရွှေသင်္ကန်းတော်များ ကိုယ်တိုင်ကိုယ်ကျ ကပ်လှူပူဇော်နိုင်ကြပါပြီ။**

ကိန်းဝပ်စံပယ်ရာ	–	ရွှေတိဂုံစေတီတော် အရှေ့ဘက်စောင်းတန်းကြီးအနီး
ပုံတော်	–	ဘူမိဖဿ မုဒြာပုံတော်
ဥဏှိသ်တော်	–	၂၄ ပေ၊ ၉ လက်မ
ပလ္လင်တော်	–	အလျား ၂၂ ပေ၊ အနံ ၁၅ ပေ
မျက်နှာတော်အလေးချိန်	–	ရွှေ၊ ငွေ၊ မိုးကြိုး၊ ကြေး ၁၂၅ပိဿာ
ကိုယ်လုံးတော်အလေးချိန်	–	၁၉၇၅၀ပိဿာ
စုစုပေါင်းအလေးချိန်	–	၁၉၈၇၅ပိဿာ ဖြစ်ပါသည်။

ရွှေကိုလှူလျှင်	**ရွှေဆင်းသွင်သို့**
ဘဝပင်မခြား	**တူအကျိုးပွား၏**
ဘူမိဖဿ	**မုဒြာမြတ်ကို**
မပြတ်သန့်စင်	**ရောင်ဝါလွင်သော**
ရွှေစင်သင်္ကန်း	**ဒါနပန်းဖြင့်**
လှူဒါန်းပူဇော်	**နိဗ္ဗာန်မျှော်လျက်**
နှိုးဆော်သတင်း	**ပေးဝေနှင်းသည်**
ကောင်းခြင်းဖြာဖြာ	**ပြည့်စေသော် ...**

(၁)	ရွှေဆိုင်းဌာန	–	ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး တန်ဆောင်းတော်
(၂)	ရွှေအရည်အသွေး	–	ရွှေစင် ၉၉ရာခိုင်နှုန်း
(၃)	ကပ်လှူပူဇော်ချိန်	–	နေ့စဉ် နံနက် ၆နာရီ မှ ညနေ ၆နာရီအထိ
(၄)	ဆက်သွယ်စုံစမ်းရန်	–	ဂေါပကအဖွဲ့ရုံး၊ ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၄၁၆၈၁။

ရွှေတိဂုံစေတီတော်
ထာဝရဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းကော်မတီ

မိုးရာနှုန်း ၈၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့အာမခံလုပ်ငန်းဝန်ထမ်းမိသားစု ဆွမ်းဆက်ကပ်

ရန်ကုန် စက်တင်ဘာ ၄

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့်ဇနီး ဒေါ်ခင်သန်းဝင်းတို့အား အမှူးထား၍ မြန်မာ့အာမခံလုပ်ငန်း ဝန်ထမ်းမိသားစုတို့က ဒသမအကြိမ်မြောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) နာယကချုပ် ဆရာတော်နှင့် သင်ကြားစီမံဆရာတော် အပါအဝင် စာသင်သား သံဃာတော်အပါး ၄၅၀ ပါးတို့အား တစ်နေ့တာ ဆွမ်းဆက်ကပ် လှူဒါန်းပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) မိုးကုတ် ဆွမ်းစားကျောင်း၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် တစ်နေ့တာ ဆွမ်းအလှူတော် ငွေကျပ် ၃၉၀၅၀၀ နှင့် ဆွမ်းပဒေသာ အလှူတော် ငွေကျပ် ၁၅၀၀၀၀ကို မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး သိန်းလွင်က သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနသို့ပေးအပ်လှူဒါန်းပြီးသံဃာတော် အရှင်သူမြတ်တို့အားနေ့ဆွမ်း ဆက်ကပ် လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဩဂုတ် ၂၈ ရက်က အင်းစိန်မြို့နယ် အမက(၁၅) ၂၀၀၃-၂၀၀၄ ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် ငါးနှစ်ဆက်တိုက် ဆုရ စတုတ္ထတန်း (ခ)မှ မောင်အောင်ပြည့်ဖြိုးကျော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာပြုံးက ဆုချီးမြှင့်စဉ်။

(က-ပ)

မြစ်ငယ်မြို့ စိုးရိမ်ရေမှတ်ကျော်နိုင်

ရန်ကုန် စက်တင်ဘာ ၄

ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယနေ့မွန်းတည့်မှနောက် ၂၄ နာရီအတွင်း ၁၀ စင်တီမီတာ မြင့်တက်လာနိုင်ပြီး စိုးရိမ်ရေမှတ် ၈၇၀ စင်တီမီတာအထက်သို့ ကျော်လွန် ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

ဗြိတိန်နိုင်ငံအနုပညာရှင်များ၏ ဂီတဆည်းဆာဖျော်ဖြေပွဲ

အခမဲ့ကြည့်ရှုနိုင်

ဗြိတိန်နိုင်ငံ Cambridge University, St. Catharine's College မှ အနုပညာရှင်များတင်ဆက်ဖျော်ဖြေမည့် ဂီတဆည်းဆာကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ တေးဂီတမြတ်နိုးသူများ အခမဲ့လာရောက် ကြည့်ရှုနိုင်ပါသည်။

နေ့ရက်နှင့်အချိန်	နေရာ
၆-၉-၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၆း၃၀ နာရီ	မန္တလေးအမျိုးသားကဇာတ်ရုံ
၉-၉-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၆း၃၀ နာရီ	ရန်ကုန်အမျိုးသားကဇာတ်ရုံ







ကြည့်မြင်တိုင် ကျောင်းကြီးကျောင်းတိုက် ဘုန်းတော်ကြီးကျောင်း၁၄ကျောင်းမှ သံဃာတော်များအား တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့အား အမှူးထား၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးကျောင်းတိုက်ရှိ ဘုန်းတော်ကြီးကျောင်း၁၄ ကျောင်းတွင် ဝါဆိုသီတင်းသုံးနေထိုင်လျက်ရှိသော ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီက အဆိုပါကျောင်းတိုက်ရှိ မဟာပုညောပကာရဓမ္မာရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်ပူဇော်ကြည်ညိုသည်။

တက်ရောက်

အခမ်းအနားသို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညိန္ဒအမှူးပြုသော ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူပြီး အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီး တင့်ဆန်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ငါးပါးသီလဆောက်တည်

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေအမှူးပြုသော ဧည့်ပရိသတ်များက ကျောင်းကြီးကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပညိန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်အရှင်သူမြတ်တို့က မေတ္တာသုတ်အစရှိသော ပရိတ်တရားတော်များ ချီးမြှင့်တော်မူသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရှင်းလင်းလျှောက်ထား

ထို့နောက် ရန်ကုန်တိုင်းသာသနာရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးစံသင်းလှိုင်က ကြည့်မြင်တိုင်မြို့နယ်မဟာသကျမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ဂန္ဓကုဋိတန်ဆောင်းတော်တည်ဆောက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညိန္ဒက လှူဒါန်းမှုအစုစုအတွက် အနုမောဒနာတရားဟောကြားတော်မူပြီး ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးကျောင်းတိုက် မဟာသကျမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ဂန္ဓကုဋိတိုက် တန်ဆောင်းတော်ဆောက်လုပ်နေမှုနှင့်ရုပ်ပွားတော်မြတ်ကြီး ရွှေသင်္ကန်း ကပ်လှူပူဇော်နိုင်ရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ပညာရှင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းများဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ပြည်သူများ ကြည်ညိုသဒ္ဓါပွားများနိုင်ရန်၊ လုပ်ငန်းများ အရည်အသွေးစံချိန်စံညွှန်းမီစွာဖြင့် အမြန်ပြီးစီးရေးဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သြဂုတ် ၂၈ရက်က ဒဂုံမြို့သစ်တောင်ပိုင်း (၁၀၇)ရပ်ကွက် နန်းဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် (ဘွဲ့တံဆိပ်တော်ရ ကျောင်းအုပ်ဆရာတော် ဓမ္မာစရိယ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောဘိတ)က ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ကျောင်းသားကျောင်းသူများအား အာဟာရကျွေးမွေးလှူဒါန်းစဉ်။ (က-ပ)

စမ်းချောင်းလမ်း၌ ၁၀ရက်တရားစခန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၄

ကျေးဇူးရှင် လယ်တီဆရာတော် ဘုရား၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ အလုပ်ပေးတရားတော်မြတ်ကို ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးကျော်နိုင်ထွန်းက စက်တင်ဘာ ၉ ရက်မှ ၁၈ရက်အထိ နေ့စဉ် မွန်းတည့်၁၂ နာရီမှ ညနေ ၅ နာရီအထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ်၂၉၊ ဒုတိယလွှာတွင် ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆို လာရောက်တရားအားထုတ်နိုင်ကြောင်း သိရသည်။

(က-ပ)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက် ကမ္ဘောဇလမ်း အမှတ်၂၅(ဒီ)နေ ဦးလင်းသောင်း-ဒေါ်သီတာမြင့် မိသားစုတို့က အထွေထွေ ပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ယာဉ်အန္တရာယ်တားဆီးကာကွယ်ရေး အထက(၂)ဗဟန်းတွင် ပညာပေးဟောပြော

ရန်ကုန် စက်တင်ဘာ ၄

ဗဟန်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းအမှတ်(၂)၏ ယာဉ်အန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကို သြဂုတ် ၃၁ရက်က ပတ္တမြားခန်းမတွင် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်လှမြင့်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အမှတ်(၂) ယာဉ်ထိန်း နယ်မြေမှူး ဒုတိယရဲမှူးတင်လင်းတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်လှမြင့်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယ ရဲမှူးတင်လင်း **(အပေါ်ဝဲပုံ)**က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ယာဉ်အန္တရာယ် တားဆီးကာကွယ်ရေး သိကောင်းစရာများ ဟောပြောသည်။

(မြန်မာ့အလင်း)

ရွှေပြည်သာမြို့နယ်ပြည့်အားမာန် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

ရန်ကုန် စက်တင်ဘာ ၄

ရွှေပြည်သာမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့်လှော်ကားကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ ပြည့်အားမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို သြဂုတ် ၂၈ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်ဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မြအေး၊ လှော်ကားကျေးရွာဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လှူဒါန်း

အခမ်းအနားသို့ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ စာအုပ်၊ စာစောင်များ လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

အာဟာရပြည့်လျှင် ရောဂါစင်၊ ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်

(၁-၉-၂၀၀၄ မှ ၇-၉-၂၀၀၄)

မိသားစုတိုင်း အိုင်အိုဒင်းဆားကို စားသုံးပါ။
အသက်(၆)လမှ (၅)နှစ်အောက်ကလေးများအား
ဗီတာမင်အေဆေးလုံးတိုက်ပါ။
အရွယ်ရောက်ပြီးသောအမျိုးသမီးများ သံဓာတ်အားဆေးမှီဝဲပါ။

ကလေးသူငယ်များအား အာဟာရပြည့်ဝသည့်အစာများ စုံလင်စွာကျွေးပါ။

ကျန်းမာရေးဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ သတ္တုတွင်းဝန်ကြီးဌာန။

တပ်ကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမင်းစိုး ဦးဆောင်သော ဝန်ထမ်းများနှင့် ကျေးရွာပြည်သူများ ပူးပေါင်း၍ ဩဂုတ် ၁၅ ရက်က ပိန်းတောကျေးရွာအဝင်လမ်းမကြီး လမ်းဘေးဝဲယာ၌ ပန်းအလှပင်များ စိုက်ပျိုးကြစဉ်။ (၂၆၆)

ရွှေဘိုမြို့ ပညာ့အလင်းခေတ်မီစာကြည့်တိုက် ကွန်ပျူတာနှင့် အင်္ဂလိပ်စာသင်တန်းဆင်းပွဲကျင်းပ

ရွှေဘို ဩဂုတ် ၂၅

ရွှေဘိုမြို့ ပညာ့အလင်းခေတ်မီစာကြည့်တိုက်၏ အမှတ်စဉ်(၁၄) ကွန်ပျူတာသင်တန်းနှင့် အင်္ဂလိပ်စာသင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက် ၁၀နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ရုပ်မြင်သံကြားခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်နှင့် ရွှေဘိုဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဦးဝင်းမြင့်တို့က သင်တန်းဆင်းအမှာစကားများ ပြောကြားကြသည်။ **(ယာပုံ)**

ထို့နောက် စာကြည့်တိုက်မှူး ဦးဘုန်းကျော်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ သင်တန်းကာလမှာ နှစ်လဖြစ်ပြီး ကွန်ပျူတာသင်တန်းသား ၄၃ ဦးနှင့် အင်္ဂလိပ်စာ သင်တန်းသား ၂၄ ဦးတို့ တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

ကျေးလက်အိမ်ဆောက်လုပ်ရန်သစ်သား စုဆောင်းရရှိမှု ကွင်းဆင်းစစ်ဆေး

မြစ်သား ဩဂုတ် ၂၂

မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိသော ရေဝန်းကျေးရွာ ကျေးလက်အိမ်ရာ ၁၂ လုံး ဆောက်လုပ်ရန်အတွက် သစ်တန် ၇၀ စုဆောင်းရရှိမှုနှင့်သစ်ခွဲစိတ်မှုအခြေအနေများအား ဩဂုတ် ၁၂ ရက်က အမှုဆောင်အရာရှိ ဦးကျော့(ချ်)မျိုးမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးကိုကိုဦးတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။ **(အောက်ပုံ)**

(မြို့နယ်စည်ပင်)

မော်လမြိုင်ကျွန်း မြို့နယ် သူရဲချောင်းကျေးရွာအုပ်စု ကျုံလတာ ကျေးရွာ လောက ဟိတ ကိုယ့်အားကိုယ်ကိုးကျေးလက်စာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ် ၂၅ ရက်ကကျုံလတာကျေးရွာ ဓမ္မာရုံတွင်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှလှူဒါန်းသော စာအုပ်စာစောင်များကို ဓာတ်ပုံကျွမ်းကျင်(၂)ဦးမြင့်အောင် (မော်ကျွန်းမြင့်အောင်)က ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမျိုးအောင်က လက်ခံရယူစဉ်။ (မြို့နယ်ပြန်/ဆက်)

နယ်လှည့်စာကြည့်တိုက်ဖွင့် ပညာပေးဟောပြော

ဘုတ်ပြင်း ဩဂုတ် ၁၅

မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက်ပြပွဲကို ဩဂုတ် ၆ရက်က အထက ဘုတ်ပြင်း နဝရတ်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးချစ်သောင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်လက်ထောက်ဆရာဝန် ဒေါက်တာ ညိုညိုအောင်က အမျိုးသမီးနှင့် ကျန်းမာရေး ပညာပေးဟောပြောပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဒေါ်နီနီချိုက ပြန်ကြားရေးဆိုင်ရာများဟောပြောကြပြီး နယ်လှည့်စာကြည့်တိုက်နှင့် ဓာတ်ပုံပြပွဲများ ဖတ်ရှုလေ့လာကြသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးလက် သတင်းနှင့် မြင်ကွင်း

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိသင့်သည်

✳ **ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆက်သွယ်ပါ။**

✳ **ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ ရသစာအုပ်များလှူဒါန်းနိုင်ပါသည်။**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

နွားထိုးကြီးမြို့နယ် သန့်ရှင်းသောသောက်သုံးရေရရှိရေး သောက်ရေကန်ဆောက်လုပ်ရန် အလှူငွေပေးအပ်

နွားထိုးကြီး ဩဂုတ် ၃၁

သန့်ရှင်းသော သောက်သုံးရေရရှိရေး သောက်ရေကန်ဆောက်လုပ်ရန်အတွက်အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၁၂ရက်က နွားထိုးကြီးမြို့ မြို့မအခြေခံပညာအလယ်တန်းကျောင်း "ဦးအောင်ခြည်" ကျောင်းဆောင်သစ် ခန်းမတွင် ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် မြို့နယ်ပညာရေးမှူး ဒေါ်သန်းရီတို့က အမှာစကားပြောကြားကြပြီး အလှူရှင် ဦးအောင်သိန်းက သောက်ရေကန် လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ထို့နောက် ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်သို့ နွားထိုးကြီးမြို့ အမှတ်(၂)ရပ်နေ ဦးအောင်သိန်း–ဒေါ်ကြည်(သား)ကိုအောင်အောင်–မကြည်ကြည်မော်၊ (မြေး) မောင်သီဟဇော်၊ (မြေး)မယုသန္တာအောင်တို့က သောက်ရေကန် ဆောက်လုပ်ရန် အလှူငွေ ကျပ်နှစ်သိန်း၊ အမှတ် ၁ ရပ်နေ ဦးစောမောင် – ဒေါ်သောင်းတင် မိသားစုတို့က ကျပ်သုံးသောင်း၊ ဦးမြင့်အောင်–ဒေါ်အိမ်ကြည် မိသားစုက ကျပ်နှစ်သောင်းနှင့် ဦးကောင်း – ဒေါ်ငွေကြည် (သား) မောင်းစန်းမော်မင်း–မမိုးစန္ဒာတို့က ကျပ်ငါးထောင် အသီးသီးလှူဒါန်းသည်။ **(အပေါ်ပုံ)**

ဆောက်လုပ်

သောက်ရေကန်မှာ အနံ ၈ပေ၊ အလျား ၁၁ ပေ၊ အနက် ၈ ပေရှိ အုတ်ကန်ဖြစ်ပြီး သန့်ရှင်းသော သောက်သုံးရေ ထည့်ရန် အတွက် ဆောက်လုပ် လှူဒါန်းခြင်းဖြစ်သည်။

(၂၁၃)

ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက်ဖွင့် စာအုပ်၊ စာစောင်နှင့် အလှူငွေများလှူဒါန်း

ပင်လောင်း ဩဂုတ် ၃၀

ပင်လောင်းမြို့နယ် စင်းတောင်းကျေးရွာအုပ်စု တင်းထက်ကျေးရွာ ကိုယ့်အားကိုယ်ကိုးကျေးလက်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၁ရက် နံနက်၁၀နာရီက ထက်ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ရပ်မိရပ်ဖ ဦးမျိုးသန့်က ကျေးရွာစာကြည့်တိုက်ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းပုံအဆင့်ဆင့်ကို ရှင်းလင်းတင်ပြပြီး ဦးစီးမှူး ဦးထွန်းလင်းက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်ရသည့်ရည်ရွယ်ချက်များရှင်းလင်းပြောကြားသည်။

ထို့နောက် စာကြည့်တိုက်ကို မြို့နယ်ဦးစီးမှူး ဦးထွန်းလင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြင့်ခိုင်၊ ကျေးရွာဥက္ကဋ္ဌ ဦးသန်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** စာကြည့်တိုက်ဖွင့်ပွဲတွင် အလှူရှင်အသီးသီးက စာအုပ်၊ စာစောင်နှင့် အလှူငွေများ လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၆ ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်က ရှင်းလင်းပြောကြားစဉ်။ (၄၀၃)

သာသနာပြုမုံ့ရွှင်ဆရာတော် ဘဒ္ဒန္တခေမာစာရ၏ (၆၆)နှစ်မြောက် ဝိဇာတမွေးနေ့မင်္ဂလာ ကျင်းပ

ရွှေတောင် စက်တင်ဘာ ၁

ရွှေတောင်မြို့နယ် ငါးဆူတောင်ဓမ္မာ့ရိပ်သာ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော်ကြီးဖြစ်တော်မူသော သာသနာပြုမုံ့ရွှင်ဆရာတော် ဘဒ္ဒန္တခေမာစာရ၏ သက်တော် (၆၆)နှစ်မြောက် ဝိဇာတမွေးနေ့အလှူတော်မင်္ဂလာအခမ်းအနားကို ဩဂုတ် ၃၀ ရက် နံနက် ၉ နာရီက မဟာမုနိရုပ်ပွားတော်မြတ် ဂန္ဓာကုဋိတိုက် ပရဝဏ်အတွင်း၌ ကျင်းပသည်။

အခမ်းအနားကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်တိပိဋကရေရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ အဂ္ဂမဟာအကျော် အဂ္ဂမဟာပဏ္ဍိတ ရွှေတောင်မြို့ ဂန္ဓာရုံကျောင်းတိုက် ဘဒ္ဒန္တအဂ္ဂဝံသ ဆရာတော်ကြီးထံမှ ညွှန့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ရေစက်သွန်းချ

ထို့နောက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂဝံသ ဆရာတော်ကြီးက ရေစက်ချတရား ချီးမြှင့်တော်မူပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ (၁၁၆)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ မုံရွာခရိုင်ဥက္ကဋ္ဌ အမှာစကားပြောကြား၊ ဖဲကြိုးဖြတ်ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၄

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဒွါဒသမကြိမ်(၁၂ ကြိမ်)မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၈ ရက်တွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်စိန်က အမှာစကား ပြောကြားပြီး မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်စိန်နှင့် တိုင်း အကြံပေးအရာရှိ ဦးသိန်းအောင်တို့က ဖဲကြိုးဖြတ်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ပြိုင်ပွဲဝင်အနုပညာရှင်များနှင့် ကျောင်းသားကျောင်းသူများက "ဇေယျတု သဗ္ဗမင်္ဂလာ" သီချင်းဖြင့် ညွှန့်ခံဖျော်ဖြေ သီဆိုကပြကြပြီး ပြိုင်ပွဲများကို ကျင်းပသည်။

မုံရွာခရိုင်ဒွါဒသမကြိမ်(၁၂ ကြိမ်)မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ မြို့နယ်ရှစ် မြို့နယ်မှ အနုပညာရှင်များ၊ ဝါသနာရှင်များနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၀၉ ဦးတို့ ပါဝင်ယှဉ် ပြိုင်ကြပြီး ပြိုင်ပွဲကို ဩဂုတ် ၃၀ ရက် အထိ ကျင်းပခဲ့သည်။

(သတင်းစဉ်)

စာတတ်သူတိုင်း စာဖတ်ဖို့ စာကြည့်တိုက်များ ထူထောင်စို့

နိုင်ငံအဝန်း ကျေးရွာစာကြည့်တိုက်များပေါ် ထွန်းရေး စာအုပ်စာစောင်များ ဝိုင်းဝန်းကူညီ လှူဒါန်းကြမည်

ရန်ကုန် စက်တင်ဘာ ၄

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက်များဖွင့်လှစ်ရေး ညှိနှိုင်းအစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲအခမ်းအနား(ဒုတိယအကြိမ်)ကို စက်တင်ဘာ ၇ ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပုဂ္ဂလိကစာပေတိုက်များ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ ရုပ်ပြကာတွန်းတိုက်များနှင့် စာအုပ်စာပေဖြန့်ချိရေးလုပ်ငန်းတို့မှ ပုဂ္ဂိုလ်များ ပါဝင်တက်ရောက်ပြီး စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းကြမည်ဖြစ်သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးတက်ရောက်၍ စာအုပ်စာစောင်များနှင့် စာပေဒါနငွေပဒေသာပင်များကို လက်ခံမည်ဖြစ်ရာ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များအတွက် ပါဝင်လှူဒါန်းလိုကြသည့် စေတနာရှင်၊အလှူရှင်များအနေဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြန်/ဆက်ဌာနခွဲ ဖုန်း–၀၁–၂၅၂၄၅၇၊ ၂၅၂၄၅၈၊ ၀၁–၃၇၁၃၃၉၊ ၀၁–၃၇၉၇၆၉၊၀၁–၃၇၉၇၇၁နှင့်၀၁–၂၅၂၄၅၁သို့ ဆက်သွယ်စုံစမ်း တက်ရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သန်လျင်မြို့ မြို့ဟောင်းအလက ၏ ၂၀၀၄–၂၀၀၅ ပညာသင်နှစ် ကျောင်းကောင်စီ ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဩဂုတ်၂၇ရက်က ရေနံ့အားကစားကွင်း၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ထားဝင်း ကွင်းဖွင့်အမှာစကား ပြောကြားစဉ်။ (ခရိုင် ပြန်/ဆက်)

စာပေဒါန

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များနှင့် စာပေဒါနငွေပဒေသာပင်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်–

နေ့ရက် – ၇–၉–၂၀၀၄ (အင်္ဂါနေ့)
အချိန် – မွန်းလွဲ (၂)နာရီ
နေရာ – ပြန်ကြားရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ

စာပေဒါနပြုလိုကြသော စေတနာရှင်၊အလှူရှင်များ အချိန်မီတက်ရောက်လှူဒါန်းနိုင်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
၂၂–၂၄၊ ပန်းဆိုးတန်းလမ်း၊ရန်ကုန်မြို့။
ဖုန်း–၃၇၁၃၃၉၊ ၃၇၉၇၆၉၊ ၃၇၉၇၇၁၊ ၂၅၂၄၅၁။

ငါးသားပေါက်များ ချင်းတွင်းမြစ်အတွင်းစိုက်ထည့်

မုံရွာ ဩဂုတ် ၂၃

ခရိုင်၊မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် မုံရွာခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမျိုးသားပေါက်များ ချင်းတွင်းမြစ်အတွင်း စိုက်ထည့်ခြင်းအခမ်းအနားကို ဩဂုတ် ၁၇ ရက်က ချောင်းဦးမြို့နယ် တောကျောင်းကြီးရွာ ဆင်ဖြူရှင်တံတားအနီး ချင်းတွင်းမြစ်ကမ်း၌ ကျင်းပသည်။

အခမ်းအနားသို့ ချောင်းဦးမြို့နယ် ဥက္ကဋ္ဌ ဦးခင်မောင်ကြီးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မုံရွာခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ကြည်တင်၊ လက်ထောက်ဦးစီးမှူး ဦးသိန်းဝင်းနှင့်တာဝန်ရှိသူများ၊ ကျေးရွာဥက္ကဋ္ဌဦးကျော်အုန်းနှင့် အဖွဲ့ဝင်များ၊ အင်းလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဆရာဆရာမများ၊ကျောင်းသားကျောင်းသူများက ငါးခေါင်းပွ ငါးသန်မျိုးကောင်ရေ ၅၀၀၀၀ နှင့် ငါးမှုန်၊ငါးမြစ်ချင်းကောင်ရေ၅၂ သိန်းကို ချင်းတွင်းမြစ်အတွင်းသို့ စိုက်ထည့်ကြသည်။ **(အပေါ်ပုံ) (က–ပ)**

အမြို့မြို့ အနယ်နယ် သတင်းများ

စက်တင်ဘာ ၁ရက်က ပေါင်းတည် မြို့နယ် အခြေခံ ပညာ အထက်တန်းကျောင်း၌ နိုင်ငံသား အရည်အချင်း ပြည့်မီသူ ကျောင်းသားကျောင်းသူ ၄၄၅ ဦး တို့အား နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်ပွဲ ကျင်းပရာ ပြည်ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းကြွယ်က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျောင်းအုပ်ဆရာကြီး ဦးရဲမြင့်သို့ ပေးအပ်စဉ်။ (၀၆၄)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

လက်ထပ်ပြီးစီးခြင်း

ကျွန်တော် **မောင်လျှန်းဇကိုင်း** (Final Yr. Eco)
နှင့်
ကျွန်မ **မစန္ဒာဝင်းတင်(ခ)စူးမာ** တို့သည်
၃၀-၆-၂၀၀၄ ရက်တွင် အလုံမြို့နယ်တရားရုံးတွင်
နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

မောင်လျှန်းဇကိုင်း-မစန္ဒာဝင်းတင်(ခ)စူးမာ။

750KVA မှ 1000KVA
Generator ဝယ် /ငှား
လိုသည်။
ဆက်သွယ်ရန်
(09-80- 23008)

ကျေးဇူးဆပ်ပါမည်

ကျွန်မ မခင်ထွေး(ခ) ရန်ရှောက်ပင် ၁၃/လရန(နိုင်) ၀၈၁၄၀၁ ကိုင်ဆောင်သူ၏ မြန်မာနိုင်ငံကူးလက်မှတ် အမှတ် ၂၆၅၁၂၂ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

ဖုန်း-၇၂၅၉၈၅။

လူပျောက်ကြော်ငြာ

အထက်ပါဓာတ်ပုံရှင် မတင်တင်မိုး၏ သမီး အူဝဲ(ခ)ထွန်းရတနာဖိုလ် အသက်(၉)နှစ်အရွယ်သည် ၂၆-၅-၂၀၀၄ ရက်တွင် နေအိမ်မှ ထွက်ခွာပျောက်ဆုံးသွားပါ၍ တွေ့ရှိသူများ အကြောင်းကြားပါ၊ ကျေးဇူးဆပ်ပါမည်၊ လက်ခံထားသူအား တရားဥပဒေအရ ထိရောက်စွာအရေးယူမည်။

မတင်တင်မိုး
အမှတ် က/၁၆၃၅
၁၆ ရပ်ကွက်၊ ရွှေသဇင်လမ်း၊
ဖုန်း-၇၀၈၉၃၁။

Beauty Palace
BEST-T
A 21 Beauty Soap
1-PLUS-1

Beauty Palace Co.,Ltd ၏ မြန်မြူးရေးရှားနမ်းသည် Beauty Palace Co.,Ltd မှ အဆင့်မြင့်မြင့် ထုတ်လုပ်ထားသော -

A 21 အမှတ်တံဆိပ်ကိုယ်တိုက်ဆပ်ပြာမွှေး (၅) မျိုး
1 Plus 1 အမှတ်တံဆိပ် ကိုယ်တိုက်ဆပ်ပြာမွှေး (၂) မျိုးနှင့်
Best-T Green Gel သွားတိုက်ဆေးတစ်မျိုး တို့ကို လက်လီလက်ကားဆိုင်များနှင့် နယ်ကိုယ်စားလှယ်များထံ တိုက်ရိုက်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ အခြား မည်သည့်ကုမ္ပဏီ/လုပ်ငန်းတို့မှ ထုတ်လုပ်သော ပစ္စည်းများကို ဖြန့်ဖြူးရောင်းချခြင်း မရှိပါ။

Beauty Palace Co.,Ltd က စံချိန်မီထုတ်လုပ်ထားသည့် Best-T White Paste သွားတိုက်ဆေးကို မိတ်ဆွေများလက်ဝယ်သို့ရောက်ရှိအောင် ဆက်လက်ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ရွှေဘိုမြို့နယ် လိပ်ချင်းကျေးရွာနေ ၅/ရဘန(နိုင်)၀၆၂၈၄၅ မသန်းလဲ့ သည် မိဘများ စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ၂၃-၈-၂၀၀၄ ရက်တွင် မိမိ သဘောအတိုင်း နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။

အဖ-ဦးထွန်းကြိုင်
အမိ-ဒေါ်တင်ဥ။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ပုလဲမြို့သစ်၊ လူနေရပ်ကွက်အမှတ်- ပျဉ်းမပင်မြောက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ၊ မြေကွက်အမှတ်-၆၂၂၊ ဧရိယာ ၀ ဒသမ ၈၁၁ ဧက နှစ်(၆၀) ဂရန်မြေပေါ်ရှိ အမှတ်-၆၂၂၊ အမှတ်-၃ လမ်းမကြီး၊ ပျဉ်းမပင်မြောက်ရပ်ကွက်၊ ပုလဲမြို့၊ မင်္ဂလာဒုံမြို့နယ်ဟု ခေါ်တွင်သော မြေကွက်ကြီး၏ အရှေ့အရပ်ရှိ မခွဲမစိတ်ရသေးသော အလျား ၉၄ပေ/၁၂၂ပေx အနံ ပေ ၁၃၀ မြေကွက်လွတ်၏ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဂရန်အမည်ပေါက် ပိုင်ဆိုင်သူ ဦးနေထွန်း ၁၂/မဂဒ(နိုင်)၀၀၆၉၆၁ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ငွေအပြေအကျေပေးချေ၍ ဝယ်ယူလက်ရောက်ရရှိပြီး ဖြစ်ပါသည်။ ယခုအခါ မြေကွက်လွတ် အရောင်းအဝယ်စာချုပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတော်၌ မှတ်ပုံတင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ မှတ်ပုံတင်ချုပ်ဆိုမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်(ဘဏ်) B.A.R.L, **ဒေါ်ခင်နှင်းရည် B.A.R.L,**

တရားရုံးချုပ်ရှေ့နေများ။

ရုံး - အမှတ် ၁၉/၄၃၊ ဗိုလ်ဆွန်ပက်လမ်း(အောက်)၊ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
အိမ်- အမှတ်(၀၁၇)၊ တိုက်(၂)၊ နှင်းဆီလမ်း၊ ယုဇနကွန်ဒို၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း -၂၅၂၀၁၄၊ ၃၇၃၀၇၄ (ရုံး)
၂၉၂၇၀၄ (အိမ်)

မီးသတ်ယာဉ်/ စက်(အပျက်)များ လေလံကြော်ငြာ

၁။ မီးသတ်ဦးစီးဌာန၊ ပြည်နယ်/တိုင်း၊ မြို့နယ်အသီးသီးတွင် ပျက်စီးချို့ယွင်းနေသော ယာဉ် ၃၁ စီး၊ စက် ၃၇ လုံးကို လက်ရှိမျက်မြင် အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်-
(က) **လေလံတင်ရောင်းချမည့်ရက်**- ၃၀-၉-၂၀၀၄
(ခ) **လေလံတင်ရောင်းချမည့်အချိန်**- ၁၀:၀၀ နာရီ
(ဂ) **လေလံတင်ရောင်းချမည့်နေရာ**- မီးသတ်ဦးစီးဌာန (ရုံးချုပ်)၊ အုတ်ပုံဆိပ်လမ်း၊ (၅)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
၂။ လေလံစည်းကမ်းချက်ပုံစံများကို ၆-၉-၂၀၀၄ ရက်နေ့မှစ၍ တစ်စုံလျှင် ကျပ် ၁၀၀၀ (ကျပ်တစ်ထောင်တိတိ) နှုန်းဖြင့် မီးသတ်ဦးစီးဌာန (ရုံးချုပ်)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ယာဉ်/စက်များ၏ အခြေအနေကို သက်ဆိုင်ရာ မြို့အသီးသီးရှိ မီးသတ်ဦးစီးဌာနများ၌ ကြည့်ရှုနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့ (မီးသတ်ဦးစီးဌာန)။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့
ရက်စွဲ၊ ၂၀၀၄ ခုနှစ် ဩဂုတ် ၂၃ ရက်
ချိပ်ပိတ်ဈေးနှုန်းလွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် လိုအပ်သော ဘိလပ်မြေ (Portland Cement) တန် ၅၀၀၀ (တန်ငါးထောင်တိတိ)ကို နိုင်ငံခြားသုံးငွေဖြင့် ဝယ်ယူလိုပါသဖြင့် C & F (Yangon) စနစ်ဖြင့် ဈေးနှုန်းလွှာတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ပါသည်။

ဈေးနှုန်းလွှာပိတ်ရက်မှာ ၁၆-၉-၂၀၀၄ နေ့ (၁၆:၀၀) နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာ ပုံစံတစ်စုံလျှင် ကျပ် ၁၀၀၀ (ကျပ်တစ်ထောင်တိတိ) နှုန်းဖြင့် ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၂၈၂၅၃၄၊ ၂၄၈၁၁၂၊ လိုင်းခွဲ (၂၃၅)တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender)များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို တင်ဒါအမှတ် - ၃၃/မမ/တဂ/လျှပ်စစ်ပစ္စည်း(CE) (၂၀၀၄-၂၀၀၅) ဖြင့် ဝယ်ယူလိုပါ၍ စိတ်ပါဝင်စားသူများအား ဖိတ်ခေါ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	33/0.4 KV,500 KVA Sub-Station	
	(a) 33 KV Vacuum Circuit Breaker	1 Set
	(b)33 KV Relays & Remote Control Panel for Vacuum Circuit Breaker	1 Set
	(c)3 P 33/0.4, 500 KVA Power Tramsformer	1 Set
	(d)1. 33KV Disconnecting Switch with Earthing Device	1 Set
	2. 33KV Lightning Arrester	1 Set
	3. 33KV Voltage Transformer	1 Set
	4. 33KV Current Transformer	1 Lot
	5. Battery Charger,Battery Bank	1 Set
	6. 600/100V Armoued Multi Core Control Copper Cable	1 Lot
	7. Earthing Materials Economy Type	1 Lot
	8. 33KV Terminations Clamp & Connecting Materials for SWG	1 Lot
	9. 0.4 ~ 1 KV Under Ground Cable	200 Meter
	10. 400 V LV Receiving Panel	1 Lot
	11. 33KV Dropout Fuse complete and Spare Fuse link	1 Set
2.	33 KV Over Head Line (4000 ft)	1 Lot

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်- ၂၈-၉-၂၀၀၄ (အင်္ဂါနေ့) (၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၆-၉-၂၀၀၄) ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ဆောက်လုပ်ရေးဌာန၊ မြန်မာ့မီးရထား၊
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
☎-၂၉၁၉၈၂၊၂၉၁၉၉၄

ဝန်ထမ်းအမြန်အလိုရှိသည်
(ပြည်တွင်းတွင်ကျပ်ငွေဖြင့်သာခန့်ထားရန်)

၁။ အကြီးတန်း မြင့်/ထိန်း အင်ဂျင်နီယာ- Mechanical ကျား (၂)ဦး
B.E(Mechanical)
အကြီးတန်း မြင့်/ထိန်း အင်ဂျင်နီယာ- Electrical ကျား (၂)ဦး
B.E(Electrical)
အကြီးစားစက်ရုံအလုပ်ရုံပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွင် အနည်းဆုံး လုပ်ငန်းအတွေ့အကြုံ(၅)နှစ်ရှိရမည်။ စက်ရုံMaintenance လုပ်ငန်းများအား ဦးဆောင်၍ လုပ်ကိုင်နိုင်ပြီး Maintenance Plan, Schedule များကို စနစ်တကျ ရေးဆွဲ၍ လုပ်ဆောင်နိုင်သူဖြစ်ရမည်။ Maintenance & Repair တို့ကို ဆောင်ရွက်ရာတွင် Manufacturer's Manuals များအပေါ်အခြေခံပြီး စနစ်တကျ ဦးဆောင်၍ လုပ်ကိုင်နိုင်သူဖြစ်ရမည်။ (လုပ်ငန်းလိုအပ်လျှင် နေ့/ညတာဝန်နှင့် ရန်ကုန်/မန္တလေးမြို့များတွင် တာဝန်ထမ်းဆောင်နိုင်ရမည်။)
(အင်္ဂလိပ်စကား ကျွမ်းကျင်စွာ ပြောဆိုနိုင်သူကို ဦးစားပေးမည်။)

၂။ တာဝင်စာရေး ကျား (၆)ဦး
ပညာအရည်အချင်း အနိမ့်ဆုံး(၁၀)တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ သိုလှောင်ရုံလုပ်ငန်းနှင့် ပစ္စည်းလက်ခံခြင်း/ထုတ်ပေးခြင်းများတွင် အတွေ့အကြုံရှိသူ ဦးစားပေးမည်။ လုပ်ငန်းလိုအပ်ချက်အရ တာဝန်ကျရာနေရာများသို့ ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

အရည်အချင်းပြည့်မီ၍ လျှောက်ထားလိုသူများသည် ပညာအရည်အချင်းဆိုင်ရာ အထောက်အထား၊ CV ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံချက်(မူရင်း)၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံ(၂)ပုံနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၂)ပတ်အတွင်း အောက်ပါလိပ်စာတွင် လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။
ဒိုင်းမွန်းစတားကုမ္ပဏီလီမိတက်(ရုံးချုပ်) အမှတ် (၂၅၆/၂၆၀) ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ (ဖုန်း-၂၄၁၈၀၀၊ ၃၈၁၀၇၈၊ ၃၈၁၀၇၉)

ရောင်း/လဲ/ငှားမည်

Junction 8 (ကိုးလွှာ)ရောင်းမည်။
Nissan Cetric 91 Model
၈က/ရောင်းမည်။
Hi Ace, Town Ace ဝယ်မည်။
ခရီးစဉ်မျိုးစုံအတွက် Aircon Mini Bus, Saloon မျိုးစုံငှားရန်ရှိသည်။
အကျိုးတူ ပူးပေါင်းလိုသော ယာဉ်နံပါတ် အနီ၊ အနက် ပိုင်ရှင်များ ဆက်သွယ်ရန်။

ဖုန်း-၅၂၄၆၈၆၊ ၇၂၀၄၄၇။

အမည်ပြောင်း

ဦးကျော်သူမင်း၏သမီး မန္တလေးမြို့ အမက(၂၃)ဒုတိယတန်းမှ မမင်းပွင့်ဖြူအား မဆုမြတ်ငြိမ်းသူ ဟု ပြောင်းလဲခေါ်ပါရန်။

မဆုမြတ်ငြိမ်းသူ။

အမြန်ပြန်လာပါ

မျိုးသန်းအောင် ၉/မရမ(နိုင်) ၀၄၆၇၃၃ ရောက်ရာအရပ်မှ အမြန်ပြန်လာပါ။ အရေးကြီးသည်။

အမေ-ဒေါ်ခင်သန်း(မန္တလေး)။

ကြော်ငြာစာ

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ် ၅၈၉/က၊ ဦးပိုင်အမှတ် က/၃၀ မြေကွက်အား ဗိုလ်ချုပ်အောင်လှိုင် မှတ်ပုံတင်အမှတ်(စီဂျေ-၀၃၁၂၉၀)မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမှုတွဲအမှတ် ၀၇၈၅/၂၀၀၄-၂၀၀၅ ဖြင့် တောမှ မြို့ပြောင်း ဂရန်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူရှိပါက အထောက်အထားစာရွက်စာတမ်းများနှင့်အတူ ဤဌာနသို့ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၉၄၁၉၂ မော်တော်ဆိုင်ကယ် လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍ ၁၅ရက်အတွင်း ကညန ၊ရှေ့တန်းရုံး(မူဆယ်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ရှေ့တန်းရုံး၊(မူဆယ်)။

ဒေါ်ခင်ခင်ဆွေ (မဆွေ)
B.Ed.
အ-ထ-က (၃) မြစ်ကြီးနား

၃၁-၈-၂၀၀၄ရက်မှာ တို့တစ်တွေကြား ခွဲခွာသွားပြီဖြစ်တဲ့အတွက် အစားထိုးမရတဲ့ ဆုံးရှုံးမှုကို ရင်နဲ့အမျှ ခံစားရပါတယ်--ချစ်သူငယ်ချင်း ကောင်းရာဘုံဘဝရောက်ပါစေ။

ညီမှာ(ရန်ကုန်)။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်စောလွင် (ရွှေဘို)
အသက်(၈၇)နှစ်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန သင်တန်းကျောင်းအုပ်ကြီးဦးကျော်ကျော်၏ မိခင်သည် ၂၅-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အင်ဂျင်နီယာစီမံခန့်ခွဲရေးသင်တန်း၊
သင်တန်းသား၊ သင်တန်းသူများ၊
မန္တလေးမြို့။



အမည်ပြောင်းခြင်း ဦးကျော်ကျော်နိုင်–ဒေါ်နန်းဂျူလီတို့၏သားဖြစ်သူ အထက(၂)ဗိုလ်တထောင် ဒသမတန်း(င)မှ မောင်ကျော်ဇေယျအား မောင်စောဘုန်းမြတ်ဇင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်စောဘုန်းမြတ်ဇင်။**

သတိပေးနှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည် ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေနှင့်အညီ စက်သုံးဆီထုတ်ပေးထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်း တောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်း သိရပါသည်။ယင်းသို့ယာဉ်စီးခပိုမိုတောင်းခံပါက ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း – ၁၉၉
(၂) ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး – ၂၉၁၂၈၅၊ ၂၉၁၂၈၄
(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ – ၅၄၁၉၀၅၊ ၅၄၁၉၀၄

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ဝမ်းနည်းကြေကွဲခြင်း

တနင်္သာရီတိုင်း၊ တနင်္သာရီမြို့နယ်၊ အကျဉ်းဦးစီးဌာန စိုက်ပျိုးထုတ်လုပ်မှု စခန်းမှတာဝန်ခံဦးစီးအရာရှိ ဦးဝင်းနိုင်ဦးသည် ၃–၉–၂၀၀၄ရက်တွင် မြိတ်မြို့ ဆေးရုံ၌ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အကျဉ်းဦးစီးဌာန
စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်း၊
ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ။

ဘုရား၊ကျောင်းဒါယကာကြီး
ဦးလှမောင် (ကုန်စိမ်းပွဲရုံ)
(ပျဉ်းမနားမြို့)
အသက်(၈၁)နှစ်

ပျဉ်းမနားမြို့၊ မင်္ဂလာသာဂေါင် ရပ်ကွက်နေ ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးလှမောင်သည် ၁၀–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၂–၈–၂၀၀၄ ရက် ညနေ ၃ နာရီတွင် ပျဉ်းမနားမြို့ မြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါက်တာအယ်လ်ဇော်ဘာ
(M.B.,B.S)
အသက်(၅၀)

သိက္ခာတော်ရဆရာကြီး ဦးအယ်လ်ဇော်ယော်–(ဒေါ်နန်ဆိုင်း)တို့၏ သားထွေး၊ ဒေါ်လုဂျာ၏ခင်ပွန်း၊ မခွန်နန်းမွန်း၊ မနန်လတ်၊ မနန်ဆိုင်းဟောမ်၊ ကျော်ဖခွန်၊ကျော်ခွန်အောင်၊မနန်ရှန်အောင်တို့၏ဖခင်သည်၄–၉–၂၀၀၄ရက် နံနက် ၄း၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၆–၉–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ကွတ်ခိုင်မြို့ ကချင်နှစ်ခြင်းအသင်းတော် Sword Memorial Baptist Churchတွင် ဝတ်ပြုဆုတောင်းပြီး ခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်စောကြည်ကြည်
(ကျိုက်ထို)
စာရေးဆရာတက္ကသိုလ်ယုမွန်
မြန်မာစာကထိက(ငြိမ်း)
အသက်(၇၈)နှစ်

ရန်ကုန်မြို့နေ (ဦးဦးသာ–ဒေါ်မြသန်း)တို့၏သမီး၊ ဦးစံအေး–(ဒေါ်သန်းတင်)တို့၏ညီမသည် ၂–၉–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် အာရှတော်ဝင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ခန္ဓာကိုယ်အား တပ်မတော်ဆေးတက္ကသိုလ်သို့ လှူဒါန်းပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟတို့အားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဖိဇ်အီလီယာစ်(ခ)
ဦးမုတ်ဆိတ်
(အုတ်၊သဲ၊ကျောက်ရောင်းဝယ်ရေး)
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဖိုးစိန်လမ်း၊ အမှတ် ၂၅ နေ (ဦးယူစွမ်–ခသီဂျာဘီ)တို့၏သား၊ (A.K မာရီကား–ဟလီမာဘီ)တို့၏ သားသမက်၊ ခသီဂျာဘီ(ခ)ဒေါ်တီတီမာ၏ ခင်ပွန်း၊ ယာစိရ်(ခ)ကိုမြင့်သိန်း၊ ကူလ်စူမ်းဘီ၊ အာမိရ်(ခ)အဘို၊ ရွှဲအပ်(ခ)အငယ်လေး၊ ရမ်လဟ်ဘီတို့၏ ဖခင်သည် ၁–၉–၂၀၀၄ရက် နံနက် ၃း၃၀ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ဇိုဟိုရ်အပြီး ရေဝေးစွန္နီကဘာရ်စတန်တွင် ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးရင်မြင့်(ခ)အကျူတ်ကူ (ဒေးဒရဲ)
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၅ လမ်း၊ အမှတ် ၄၉ နေ (ဦးစံ–ဒေါ်တင်ကြည်)တို့၏သား၊ (ဒေါ်ကျင်နိုင်)၏ခင်ပွန်း၊ ကိုမြင့်နိုင်–မနွယ်နွယ်၊ ကိုရဲနိုင်–မခင်သီတာမိုး၊ မနီလာ–ကိုသန်းစိန်၊ မသန္တာ–ကိုပြုံးနိုင်၊ မသီတာ၊ မသိင်္ဂီမြင့်–ကိုဝင်းထွဋ်တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၄–၉–၂၀၀၄ရက် နံနက် ၂ နာရီတွင် ၁၅ လမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆–၉–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးကျော်သန်း
အသက်(၈၅)နှစ်

ဦးတင်ထွဋ်(မြို့နယ်တရားသူကြီး၊ မရမ်းကုန်းမြို့နယ်တရားရုံး)၏ဖခင် ဦးကျော်သန်းသည် ၃၁–၈–၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း သိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ခံစားဝမ်းနည်းကြေကွဲရပါကြောင်း။

မြို့နယ်ရဲတပ်ဖွဲ့မှူး(မရမ်းကုန်းမြို့နယ်)၊
စခန်းမှူး(မရမ်းကုန်း/ဘုရင့်နောင်)၊
မရမ်းကုန်းမြို့နယ်ရဲတပ်ဖွဲ့ဝင်များ။

ဝမ်းနည်းကြေကွဲခြင်း
ဦးကြည် (ကြံခင်းမြို့)
အသက်(၈၁)နှစ်

တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းဆေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာဦးသိန်းဆွေ–ဒေါ်တင်တင်ထွေးတို့၏အစ်ကိုကြီးသည် ၄–၉–၂၀၀၄ရက်တွင် ကြံခင်းမြို့၌ ကွယ်လွန်သွားကြောင်းသိရှိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း
ဗဟိုအလုပ်အမှုဆောင်။

ဝမ်းနည်းကြေကွဲခြင်း
ဦးကြည် (ကြံခင်းမြို့)
အသက်(၈၁)နှစ်

တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးသိန်းဆွေ–ဒေါ်တင်တင်ထွေးတို့၏အစ်ကိုကြီးဖြစ်သူ ဦးကြည်သည် ၄–၉–၂၀၀၄ရက်တွင် ကြံခင်းမြို့၌ ကွယ်လွန်သွားကြောင်းသိရှိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တိုင်းရင်းဆေးပညာဦးစီးဌာန
ဝန်ထမ်းမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးကြည် (ကြံခင်းမြို့)
အသက်(၈၁)နှစ်

တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းဆေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာသိန်းဆွေ–ဒေါ်တင်တင်ထွေးတို့၏အစ်ကိုကြီးသည် ၄–၉–၂၀၀၄ရက်တွင် ကြံခင်းမြို့၌ ကွယ်လွန်သွားကြောင်းသိရှိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တိုင်းရင်းဆေးကောင်စီ။

ဦးဝင်းနိုင်ဦး
(ဦးစီးအရာရှိ)
အကျဉ်းဦးစီးဌာန
အသက်(၄၈)နှစ်

သုဝဏ္ဏမြို့နေ ဦးစံသိန်း(သွားဆေးကောင်စီ)–(ဒေါ်စန်းစန်းဇော်)တို့၏သားသမက်၊ မ/ဒဂုံ၊ မဟာမြိုင်အိမ်ရာနေ (ဦးခင်ဦး) – ဒေါ်အေးအေးတို့၏ သားကြီး၊ ဦးဇော်ဝင်းမြင့် (စုစံ ရေခဲ သေတ္တာလုပ်ငန်း)–ဒေါ်ခိုင်ခိုင်သိန်း(ငုဝါစတိုး)၊ဦးဇော်ဝင်းဦး(မြိုင်ကလေး–၂)၊ ဦးခင်ဇော်ဦး(စုစံရေခဲသေတ္တာလုပ်ငန်း)–မလွင်မာထွန်း၊ ဒေါ်ဘေဘီဦး၊ ဦးရင်အေး၊ ဦးကျော်အောင် (အငယ်တန်း အင်ဂျင်နီယာ–၂၊ ဆသရ)–ဒေါ်ဝါဝါထွေးတို့၏အစ်ကိုကြီး၊ ဒေါ်နီလာသိန်း၏ခင်ပွန်း၊ မစုလဲ့နိုင်၊ မခိုင်ထွန်းမော်၊ မခင်စန္ဒီဦးတို့၏ဖခင်သည် ၃–၉–၂၀၀၄ ရက် နံနက် ၆း၃၀ နာရီတွင် မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅–၉–၂၀၀၄ရက်တွင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
မိုဟာမက်မိုင်သီး(န်)(ခ)
ကိုအောင်အောင်
အသက်(၃၈)နှစ်

ဟသ်ာတမြို့၊ဘော်ဒီကျေးရွာ(ဦးပေါက်စ–ဒေါ်မရန်ဘီဘီ)တို့၏သား၊ ရန်ကုန်မြို့၊ ကန်တော်ကလေးနေ (ဦးဘအေး)–ဒေါ်ခင်အေးမြင့်တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၁၂၉၊ မြန်မာ့ဂုဏ်ရည်လမ်းနေ မညိုညိုအေး၏ခင်ပွန်း၊ မခင်ရတနာအောင် (VIII–B)၊ မညိုသဉ္ဇာအောင်(IV–A၊ အထက–၃၊ မင်္ဂလာတောင်ညွန့်))၊ ခန့်စည်သူအောင် (KG–A၊ အမက–၃၊ မင်္ဂလာတောင်ညွန့်)တို့၏ဖခင်သည် ၂–၉–၂၀၀၄ရက် နံနက် ၃ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အဆွာလ်ပြီးတွင် ရေဝေးမွတ်ဆလင်သုသာန်၌ဒါဖနာပြီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်စိန်စိန် (ပျဉ်းမနား)
အသက်(၇၂)နှစ်

ပျဉ်းမနားမြို့၊ ရွှေချီရပ်၊ ဦးဘွားလမ်း၊ အမှတ် ၁၂/၅၊ ရွှေဝါမွေးမြူရေးအစာ အရောင်းဆိုင်နေ ဦးသာထွန်း၏ဇနီး၊ ဦးအောင်သိုက်–ဒေါ်မြင့်မြင့်ယဉ်၊ ဦးဘသန်း–ဒေါ်နီလာဝင်းတို့၏မိခင်၊ မောင်ဉာဏ်လင်းအောင်၊ မောင်ရဲမာန်ဦး၊ မဟန်သီအောင်၊ မနှင်းပွင့်ဖြူတို့၏ အဘွားသည် ၃–၉–၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ပျဉ်းမနားမြို့၌ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း
ဒါယိကာမကြီး
ဒေါ်တင်တင်ရီ
အသက်(၆၅)နှစ်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ် လလ–၃၁/၂၉၊ ဝန်ထမ်းကွက် ၅၅ x၅၆ လမ်းကြား၊ စက်မှုဇုန်(၂)နေ ဒေါက်တာ ဦးတင်အောင် (လားရှိုး ပြည်နယ်ဆေးရုံအုပ်ကြီး၊ ငြိမ်း)၏ဇနီး၊ လားရှိုးမြို့နေ ကိုသက်ညွန့်အောင် (အထက်တန်းရှေ့နေ) – မစိန်စိန်နွဲ့ (အထက–၂၊လားရှိုး)၊ကိုမျိုးမြင့်အောင်–မသင်းသင်းဆွေ၊ ကိုဝင်းမြင့်အောင်၊ ကိုလှမျိုးအောင်–(မန္တနွဲ့ဝင်း)၊ နမ့်စန်မြို့(ရှမ်း/တောင်)နေ ကိုစိုင်းလိုတ်–မအေးအေးမော် (နယ်စား စက်သုံးဆီရောင်းဝယ်ရေး)၊ ကိုမျိုးမင်းအောင်၊ မစုစုအောင်တို့၏မိခင်၊ မြေး ၁၂ ယောက်တို့၏အဘွားသည် ၃၀–၈–၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၃၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁–၈–၂၀၀၄ရက် (အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင်တောင်မြင့်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးကြည် (ကြံခင်းမြို့)
အသက်(၈၁)နှစ်

ကြံခင်းမြို့၊ မြို့မရပ်နေ (ဦးအင်းတင်–ဒေါ်သန်း)တို့၏သားကြီး၊ ကိုအေးမင်း–မမာမာ၊ မသင်းသင်းရည်၊ မမွေးမွေးကြည်တို့၏ဖခင်၊ (ဒေါ်ကျင်ရွှေ)၊ ဦးစိန်–ဒေါ်ခင်စန်း၊ ဦးချင်းစိန်–ဒေါ်သန်းစိုး၊ (ဦးပိုးဟုတ်)–ဒေါ်ခင်တီ၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးသိန်းဆွေ–ဒေါ်တင်တင်ထွေး၊ ဦးသိန်းအောင်–ဒေါ်တီတီဝင်းတို့၏အစ်ကိုကြီး၊(ဒေါ်မြသွင်)၏ခင်ပွန်းသည် ၄–၉–၂၀၀၄ရက် ညနေ ၃ နာရီတွင် ကြံခင်းမြို့၌ ကွယ်လွန်သွားပါ၍ ၆–၉–၂၀၀၄ရက်၌ ကြံခင်းမြို့၌သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်သောင်းကြည်(ခ)
ဒေါ်သောင်း (ကညွတ်ကွင်း)
အသက်(၆၃)နှစ်

ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့နေ (ဦးမောင်–ဒေါ်ပု)တို့၏သမီးကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ စံပါယ်လမ်း၊ အမှတ် ၁၄ နေ ဦးမဲ့၏ဇနီး၊ (ဦးညွန့်သန်း)၏ညီမ၊ဦးတင်ထွန်းဦး၊ကျော်ငြိမ်း၊ဒေါ်မုန်းတို့၏အစ်မ၊ ဦးစိုးလွင်–ဒေါ်သန်းသန်းမြင့်၊ Kevine Kline – မရီရီအေး (သူနာပြု)၊ မောင်အောင်ဇော်ဝင်း၊ မောင်လှမိုး–မသန္တာဖြူ၊ မောင်တိုးမြင့်၊ မခင်သက်ထား၊ မောင်ရဲသီဟ(UNDP)–မငြိမ်းငြိမ်းဝေ၊ မနှင်းနှင်းဝေ၊ မသူဇာ၊ မနှင်းအိဖြူတို့၏မိခင်၊ မြေး၁၀ယောက်တို့၏အဘွားသည် ၂–၉–၂၀၀၄ရက် (ကြာသပတေးနေ့)တွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့်၆–၉–၂၀၀၄ရက်(တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဲအုပ် တင်ယု
စခန်းမှူး(ဘားကပ်)
ကရင်ပြည်နယ်
အသက်(၅၀)

(ဦးယုလွင်–ဒေါ်တင်ကြည်)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ် ၁၃၇၊ ၃၈ လမ်း(တတိယထပ်–ဝဲ)နေ ဦးတင်ထွဋ်–ဒေါ်ခင်အေးအေးတို့၏သားသမက်၊ဦးစိုးမြင့်–ဒေါ်မြင့်မြင့်တို့၏မောင်၊ ဦးသန်းအောင်(မြို့နယ်အင်ဂျင်နီယာ၊ ဆောက်လုပ်ရေး၊ ညောင်တုန်း)–ဒေါ်ခင်လေးမွန်၊ ဦးပြေညွန့်–ဒေါ်ခင်ဖြူဖြူ၊ ဦးမျိုးသူရ၊ ဒေါ်ခင်နီနီထွဋ်(ဒဂုံတက္ကသိုလ်)၊ ဒေါ်သိင်္ဂီထွဋ် (ဆက်သွယ်ရေး)တို့၏အစ်ကို၊ ဒေါ်ခင်ဝါဝါ(ဆသရ၊ ငြိမ်း)၏ခင်ပွန်း၊ မောင်ဟိန်းထက်ဇော်(အထက ဘားကပ်)၏ဖခင်၊ တူ တူမ ရှစ်ယောက်တို့၏ဦးလေးသည် ၃–၉–၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြော၌ ကွယ်လွန်သွားပါ၍ ၅–၉–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဝင်းနိုင်ဦး
(ဦးစီးအရာရှိ)
အကျဉ်းဦးစီးဌာန
အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မဟာမြိုင်အိမ်ရာနေ(ဦးခင်ဦး)–ဒေါ်အေးအေးတို့၏သားကြီး၊ သုဝဏ္ဏမြို့နေ ဦးစံသိန်း (သွားဆေးကောင်စီ)–(ဒေါ်စန်းစန်းဇော်)တို့၏ သားသမက်၊ ဒေါ်နီလာသိန်း၏ခင်ပွန်း၊ ဦးလှကြည်(ဒုညွှန်မှူး၊အကျဉ်းဦးစီး)–ဒေါ်စိန်စိန်မြင့်တို့၏ညီ၊ ဦးကျော်နိုင်ဦး (အလှသစ္စာ ဓာတ်ပုံတိုက်)၊ ဦးအောင်မင်း (3rd Mate, Sun Rise Yan Ming Line.)–ဒေါ်သက်သက်မော်ဦး၊ မောင်မြင့်နိုင်ဦးတို့၏အစ်ကိုကြီး၊ မစုလဲ့နိုင် (အထက–၁၊ တနင်္သာရီ)၊ မခိုင်ထွန်းမော် (အထက–၁၊ တနင်္သာရီ)၊ မခင်စန္ဒီဦး တို့၏ဖခင်သည်၃–၉–၂၀၀၄ရက် နံနက် ၆း၃၀ နာရီတွင် မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅–၉–၂၀၀၄ရက်တွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်ထွေးတင်(ခ)ကရင်မ
(ကညွတ်ကွင်း)
အသက်(၇၃)နှစ်

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ စံပယ်လမ်း၊ အမှတ် ၃၊ (၅)ရပ်ကွက်နေ ဦးကြူ–ဒေါ်ငွေတို့၏ သမီးကြီး၊ ဦးဝိန်–ဒေါ်အုန်းရင်တို့၏ သမီးချွေးမ၊ [ဦးသိန်းဟန်(ခ)ဦးဝါလင်] လုက်နွှရီ ဓာတ်ပုံတိုက်၏ဇနီး၊ ဦးဇော်မင်း–ဒေါ်စမ်းစမ်းဦး(နှင်းဆီကုန်ထုတ်)၊ ဦးသူနိုင်(ခ)ဦးမောင်မောင် – ဒေါ်သန်းသန်းဌေး (TTC၊ ရန်ကုန်ပညာရေးတက္ကသိုလ်)၊ ဦးအောင်ကျော်ထူး–ဒေါ်စန်းစန်းအေး၊ ကိုအောင်ကျော်ဆန်း(ခ)ဂျပန်ကြီး၊ကိုမျိုးမင်းထွန်း–(မချိုနွယ်ဝင်း)တို့၏ မိခင်၊ မြေး လေးယောက်တို့၏အဘွား၊ ဒေါ်ထွေးရှု၊ ဦးခင်မောင်–ဒေါ်မြင့်မြင့်စိန်တို့၏အစ်မကြီး၊ ဦးမျိုးမြင့်(ခ)ဦးဝါကီ–ဒေါ်နွဲ့ရင်၊ ဦးဝင်းဇော်–ဒေါ်တင်ကြည်၊ ဒေါ်ကြည်၊ ဒေါ်စန်းစန်းလွင်(ငြိမ်း၊ ထ–၁၊ စမ်းချောင်းကျောင်းအုပ်)၊ ဒေါ်တင်ရီတို့၏အစ်မကြီးသည် ၃–၉–၂၀၀၄ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၅–၉–၂၀၀၄ရက်(တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသန်းစိန် (သာစည်မြို့)
မြို့နယ်ပညာရေးမှူး(ငြိမ်း)
အသက်(၆၇)နှစ်

မန္တလေးတိုင်း၊ သာစည်မြို့နေ (ဦးအေးစိန်)–ဒေါ်အုန်းတင်တို့၏သား၊ (ဦးရေချမ်း–ဒေါ်မွှေး)တို့၏သားသမက်၊ သာစည်မြို့၊ အမှတ် ၁၊ သာယာအေး ရပ်ကွက်နေ ဒေါ်အုန်းယဉ်၏ခင်ပွန်း၊ ကိုခင်မောင်သန်း–မကျင်စိန်မြင့်၊ ကိုမြင့်ကြိုင်သန်း–မစန်းစန်းနွဲ့၊ဗိုလ်ကြီးမြင့်နိုင်သန်း–မခင်စန်းရီ၊ ကိုမြင့်ခိုင်သန်း–မခင်ထွေးရီ၊ တပ်ကြပ်အောင်နိုင်သန်း–မသူဇာမိုး၊ ကိုခင်မောင်လင်း–မအေးအေးမော်၊ ကိုမင်းဇော်သန်း–မသန္တာအောင်တို့၏ဖခင်ကြီး၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၂၆–၈–၂၀၀၄ရက် (ကြာသပတေးနေ့)ည ၉း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈–၈–၂၀၀၄ရက်(စနေနေ့) တွင် သာစည်မြို့သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးညီကြီး
(တပ်မတော်–ရေ၊ငြိမ်း)
အသက်(၆၂)နှစ်

သံတွဲမြို့၊တရော်တောကျေးရွာနေ (ဦးယက်သဲ့ – ဒေါ်စောဦး)တို့၏သား၊ (ဦးတင်ဟန်–ဒေါ်မအောင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၅)ရပ်ကွက်၊ ကြံခိုင်ရေးလမ်း၊ အမှတ် ၅၇၅ နေ ဒေါ်တင်တင်သန်း၏ ခင်ပွန်း၊ ဦးစိုးမင်းအောင်–ဒေါ်သန်းသန်းအေး၊ ဦးစိုးလှိုင်၊ ဦးစိုးနိုင်–ဒေါ်နန်းသန်းရှင်၊ ဦးဝင်းနိုင်–ဒေါ်မော်မော်တို့၏ အစ်ကို၊မောင်ကိုကိုဦး၊မောင်ကိုကိုလတ်၊ မတင်စန္ဒာလင်း၊မောင်ကိုကိုလေးတို့၏ ဖခင်သည် ၃–၉–၂၀၀၄ရက်(သောကြာနေ့)နံနက် ၉နာရီတွင် မြောက်ဥက္ကလာပ ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၅–၉–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအောင်ကြီး
(လှိုင်ရတနာဈေး)
အသက်(၄၈)နှစ်

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်နေ ဦးသန်းဖေ – (ဒေါ်တင်ဦး)တို့၏ သားကြီး၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်း ရိပ်သာ၊ တိုက် ၅၊ အခန်း ၃ နေ ဒေါ်တင်ရွှေ၏ခင်ပွန်း၊ ဦးရဲထွဋ်–ဒေါ်ခင်ဦးသန်း၊ ဒေါ်ခင်အေးသန်းတို့၏မောင်၊ ဦးမင်းခေါင်–ဒေါ်နီနီ၊ ဦးရဲခေါင်–ဒေါ်လှလှမော်တို့၏အစ်ကိုကြီး၊ မောင်ရဲလင်းအောင်၊ မောင်နေလင်းအောင်–မပြည့်ဖြိုးဝင်း၊ မစိုးသန္တာအောင်တို့၏ ဖခင်သည် ၂–၉–၂၀၀၄ရက် နံနက် ၇း၂၀ နာရီတွင် သုခကမ္ဘာဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၆–၉–၂၀၀၄ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်တိုးကြည် (ဘိုကလေး)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ဘယသုဒ္ဓိဖြတ်လမ်း၊ အမှတ် ၈ (ပထမထပ်)နေ (ဦးကျင်ပြန့်–ဒေါ်ကျင်မြိုင်)တို့၏သမီး၊ (ဦးစိန်ချမ်း)၏ဇနီး၊ (ဦးခင်မောင်ထွန်း)–ဒေါ်အေးအေးသန်း၊ ဒေါ်အေးအေးငြိမ်း၊ ဒေါ်ဝင်းဝင်းကြူ၊ ဦးလှမင်း၊ ဦးငွေအောင်–ဒေါ်မလေးတို့၏မိခင်၊ မဖြိုးမေသူ၏ အဘွားသည် ၃–၉–၂၀၀၄ရက် ည ၁၁ နာရီတွင် ကွယ်လွန်သွားပါ၍ ၅–၉–၂၀၀၄ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ဒေါင်းယဉ်
အသက်(၆၀)

မကွေးတိုင်း၊ မြို့သစ်မြို့နယ်၊ ရုံးတောကျေးရွာနေ(ဦးထွန်းတင်–ဒေါ်လှကြည်)တို့၏တစ်ဦးတည်းသောသမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ စက်မှုလယ်ယာလမ်း၊ အမှတ် ၁၀၄၈နေ ဦးတင်လှိုင်(ထိပ်တန်းအဆင့်မြင့် စက်ရေတွင်းတူးလုပ်ငန်း) ကျေး/ရေ (အတွင်းရေးမှူး၊ လယ်ဝေးမြို့နယ်အသင်း)၏ဇနီး၊ ဦးမြဟန် (ဒိုက်ဦးမြို့နယ်တရားသူကြီး)– ဒေါ်ခင်နန်းလှိုင်၊ မောင်ကိုကိုလှိုင်၊မဌေးဇင်မော် (ဒဂုံမြောက်၊တရားရုံး)၊မမိုးမိုးလှိုင်၊ မောင်မောင်လှိုင်၊ မမေဇင်အုန်းမောင်၊ မမင်းမင်းလှိုင်(ဒဂုံမြောက်၊ တရားရုံး)တို့၏ မိခင်၊ မမြသီတာလှိုင်(အထက–၃၊ဒဂုံမြောက်)၊ မောင်ထက်လှိုင်ဟန်(အမက–၈၊ ဒဂုံမြောက်)၊ မမြသဉ္ဇာလှိုင်၊ မချိုဇင်လှိုင်၊ မဖူးအိလှိုင်တို့၏ အဘွားသည် ၂–၉–၂၀၀၄ရက် ၅း၁၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၆–၉–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးခင်မောင်အေး
(တပ်မတော်–လေ၊ ငြိမ်း)
(တွံတေးမြို့)
အသက်(၄၅)နှစ်

တွံတေးမြို့၊ ဗိုလ်ချုပ်လမ်း၊ မင်းပိုင်းရပ်ကွက်၊ အိမ်အမှတ် မ/၃၄၃ နေ ဦးအုန်းရင်(ရဲအုပ်၊ငြိမ်း)–ဒေါ်တင်ကြည်တို့၏သား၊ (ဦးအုန်းကြိုင်)–ဒေါ်ခင်သန်းဝင်း(စည်သူ ဗီဒီယို)၊ ဦးစိန်ကြီး(ရွှေငွေထွန်းဘော်ဒီရုံ)–ဒေါ်ခင်စန်းမြင့်၊ ဒေါ်ခင်ဝင်းမြင့် (ထ/၃၊ မင်္ဂလာတောင်ညွန့်)၊ ဦးစောမြင့်(ဆောက်လုပ်ရေးသန်လျင်)–ဒေါ်အေးအေးဝင်းတို့၏ညီ/မောင်၊ ဦးလှမိုး–ဒေါ်လှသင်းထွန်း၊ ဦးထွေးအောင် (စစစ၊ ပြည်) – ဒေါ်သက်သက်မော်၊ ဒေါ်ခင်ထွေးမောင်(အိုးဘိုအရှေ့မူလွန်)၊ ဦးစည်သူအောင် (မြို့တော်စည်ပင်)–ဒေါ်ခင်ဝါဝါဦးတို့၏အစ်ကိုကြီး၊တူ တူမ ၁၂ ယောက်တို့၏ဦးလေးသည် ၃–၉–၂၀၀၄ရက်(သောကြာနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၅–၉–၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် တွံတေးမြို့ အိုးဖို သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

အိမိုးစံ(ခ)ဦးအေးမောင်(ခ)
ဦးခင်မောင်အုန်း
B.A (Myanmar)
(တာမွေကိုကေ့နှင့် မြတ်မင်္ဂလာပရိဘောဂ)
အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ လမ်း ၁၆၀၊ အမှတ် ၈ နေ (ဦးချစ်မောင်–ဒေါ်ကျင်မြိုင်)တို့၏သားထွေး၊ (ဦးကျော်တင့်)–ဒေါ်ရှုတင်၊ ဒေါ်ရှုဟုန်၊ ဦးစိန်အောင်၊ ဦးမျိုးအောင်၊ ဦးစိန်မောင်–ဒေါ်အေးမြင့်၊ ဒေါ်နုနု(B.Sc, Bot, Credit)တို့၏ မောင်/ညီ၊ဒေါ်ခင်မြင့်မော်(B.Sc Phy. Q.II)၊ ဒေါ်ခင်ခင်စိုး(B.Sc,Chem Q)တို့၏အစ်ကို၊ ဦးမျိုးဝင်း–ဒေါ်ယဉ်ယဉ်ထွန်း၊ မောင်ထက်အောင်ဖြိုး၊ မောင်ဟိန်းထက်အောင်တို့၏ဦးလေး၊ မဇူဇူးစံ၏အဘိုးလေးသည် ၃–၉–၂၀၀၄ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါ၍ ၅–၉–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ **R. 488**

မော်တော်ယာဉ်များ၌သုံးစွဲနိုင်သည့် သဘာဝဓာတ်ငွေ့အလုံအလောက်ထွက်ရှိ သမားရိုးကျဓာတ်ဆီ၊ဒီဇယ်ဆီသုံးစွဲရာမှ သဘာဝဓာတ်ငွေ့သုံး ယာဉ်အဖြစ်ပြောင်းလဲသုံးစွဲ ကုန်ကျစရိတ်သက်သာ၍ သယ်ယူပို့ဆောင်ခ သက်သာသည်နှင့်အမျှ ကုန်ဈေးနှုန်းကျဆင်းလာနိုင် အတွင်းရေးမှူး(၁) စဉ့်ကိုင်မြို့နယ်ပလိပ်ရှိ သဘာဝဓာတ်ငွေ့အရောင်းဆိုင်ဖွင့်ပွဲတက်ရောက်အားပေး

ရန်ကုန် စက်တင်ဘာ ၄

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ရန်ကုန်–မန္တလေးကားလမ်းမကြီးပေါ် ပလိပ်ရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီ ၄၅မိနစ်တွင် အဆိုပါအရောင်းဆိုင်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက် အားပေးသည်။

စာမျက်နှာ ၇ ကော်လံ ၁

သဘာဝဓာတ်ငွေ့ဖြည့်ပေးမှုကြည့်ရှု

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း သဘာဝဓာတ်ငွေ့ဖြည့်သည့် Filling Pointနှစ်ခုဖြင့် ကျောက်ဆည်–မန္တလေး ခရီးသည်တင်ကားတစ်စီးအား သဘာဝဓာတ်ငွေ့ စတင်ဖြည့်ပေးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ၏ အကျိုးတရားများ

❖ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များကို ၁၉၈၆ခုနှစ်မှစ၍အသုံးပြုခဲ့ရာ မော်တော်ယာဉ်စီးရေ ၅၈၇စီးအထိအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခဲ့ပြီးဖြစ်၊

❖ ဈေးနှုန်းကြီးသော ဓာတ်ဆီ၊ ဒီဇယ်ဆီများကို ချွေတာနိုင်ပြီး ပြည်တွင်းမှထွက်ရှိသည့် ဈေးနှုန်းများစွာသက်သာသော သဘာဝဓာတ်ငွေ့ကို အကျိုးရှိစွာအသုံးပြုနိုင်၊

❖ မော်တော်ယာဉ်တစ်စီး သဘာဝဓာတ်ငွေ့ဖြည့်ချိန်မှာ ငါးမိနစ်ခန့်သာကြာမြင့်မည်၊

❖ ကျောက်ဆည်ခရိုင်အတွင်း သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်အဖြစ် ယာဉ် ၃၅စီးကို စတင်ပြောင်းလဲထားပြီးဖြစ်သည်။ ထပ်မံ၍ ၁၆၅ စီးကို သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲသွားရန် စီစဉ်ဆောင်ရွက်ထား။

စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အစည်းအဝေးကျင်းပ ဒုတိယဥက္ကဋ္ဌ ဝန်ကြီးဗိုလ်ချုပ်တင်ထွတ် အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၄

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင်၊ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အစည်းအဝေးအစီအစဉ်များကို ကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက တင်ပြသည်။

ထို့နောက် အစည်းအဝေးသဘာပတိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်က အဖွင့်အမှာစကားပြောကြားရာ၌ ဆက်လက်ကျင်းပမည့် အမျိုးသားညီလာခံတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီအနေဖြင့် တင်ပြရန်ရှိသည့် ကိစ္စများနှင့်ပတ်သက်၍ ယခုအစည်းအဝေးတွင် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးညှိနှိုင်းကြရန်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကျင်းပရာ ညောင်နှစ်ပင်ကွင်းရှိ ညီလာခံခန်းမကြီးနှင့်တကွ အစုအဖွဲ့ အစည်းအဝေးခန်းမများ၊ ညီလာခံကိုယ်စားလှယ်များ၏ အိပ်ဆောင်များနှင့် ဆေးရုံစသည့် အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ အဆောက်အအုံများအားလုံး ပြုပြင်ထိန်းသိမ်းရေးကိစ္စများကို အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီက လိုအပ်သလိုဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ကျန်းမာရေးမကောင်း၍ ဆေးရုံတက်ရောက် ဆေးဝါးကုသမှုခံယူနေရသော ညီလာခံကိုယ်စားလှယ်ကြီးများအား စီမံခန့်ခွဲမှုကော်မတီက သွားရောက်ကြည့်ရှုအားပေးခြင်း၊ လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ခြင်းများကို အခါမလပ်ဆောင်ရွက်ပေးသွားရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁